**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၍၊ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသော သူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အများအမှန်ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၇၇)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ စနေနေ့

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ် က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး

**"ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြားရှိရင်းစွဲအစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေပြီး မဟာဗျူဟာမြောက် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရန်ရည်ရွယ်ချက်ဖြင့် လာရောက်ခဲ့ခြင်းဖြစ် . . .**

**မိမိတို့အစိုးရသစ်နှစ်ရပ်အကြားပူးပေါင်းဆောင်ရွက်မှုများ ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိသည့် အရေးကြီးသည့်အချိန်အခါလည်းဖြစ် . . ."**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

**"မြန်မာနိုင်ငံသည် လာအိုနိုင်ငံ၏အယုံကြည်ရဆုံးနှင့် အရင်းနှီးဆုံးမိတ်ဆွေနိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် အမြဲထောက်ခံအားပေးလျက်ရှိ၊ မိမိတို့နှစ်နိုင်ငံ၏ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးကို အာဆီယံမျက်နှာစာတွင်သာမက ကမ္ဘာ့နိုင်ငံများအလယ်တွင်ပါ ကောင်းမွန်သည့် ပြယုဂ်တစ်ခုအဖြစ် ရောက်ရှိအောင်မြှင့်တင်ဆောင်ရွက်သွားလို . . .**

**မိမိတို့လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးနိုင်ငံအဖြစ် ထူထောင်သွားလို . . ."**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်တို့ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တွေ့ဆုံဆွေးနွေးကြစဉ်။

**နေပြည်တော် ဇူလိုင် ၃**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit)ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ယနေ့နံနက်ပိုင်းတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ် က လာအိုသမ္မတအိမ်တော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ✭**

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၄ ရက်)

# သမဝါယမစနစ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အဖြစ် ဇူလိုင်လပထမပတ် စနေနေ့ကိုသတ်မှတ်ထားရာ ဇူလိုင်လ ၄ ရက် စနေနေ့သည် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဖြစ်သည်။ သမဝါယမဆိုသည်မှာအများစုပေါင်း၍ ကုန်ထုတ် ကုန်ရောင်းစသည့်လုပ်ငန်းများလုပ်ကိုင်ကာ တရားသဖြင့် ရသည့်အကျိုးအမြတ်ကိုမျှတစွာခံစားသည့် လုပ်ငန်းဖြစ်သည်။ ဆန္ဒအလျောက်ပါဝင်ပူးပေါင်းထားသူများက မိမိတို့၏စီးပွားရေး၊ လူမှုရေးဆိုင်ရာ လိုအပ်ချက်များနှင့်လိုအင်ဆန္ဒများကိုဖြည့်ဆည်းရန်အတွက် ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်သည့်လုပ်ငန်းအဖွဲ့အစည်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံပေါင်းများစွာတို့တွင် သမဝါယမအသင်းသား သန်းပေါင်းများစွာရှိကြသည်။ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က သမဝါယမဟူသည် ကိုယ့်အားကိုယ်ကိုးခြင်း၊ ကိုယ့်တာဝန်ကိုယ်ယူခြင်း၊ ဒီမိုကရေစီစနစ်ဖြင့်အုပ်ချုပ်သောအဖွဲ့အစည်းဖြစ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတစွာနာထောက်ထားခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့်မှန်ကန်ဖြောင့်မတ်သည့်လူ့ကျင့်ဝတ်စံတန်ဖိုးများရှိခြင်း၊ ရိုးသားပွင့်လင်းခြင်း၊ လူမှုတာဝန်ရှိပြီးအခြားသူများကိုပြုစုစောင့်ရှောက်ခြင်းဆိုသည့်အနှစ်သာရများဖြင့်ပြည့်စုံခြင်းဟူ၍ဖွင့်ဆို ထားသည်။ ထိုအနှစ်သာရများကနိုးကြွဖြစ်ပေါ်လာစေသည့်လူထုအခြေပြုစီးပွားရေးပုံစံသည် မည်သို့ရှိ သည်ဆိုသည်ကို ကမ္ဘာအနှံ့သိရှိအောင်ဆောင်ရွက်ရန်ကမ္ဘာ့ဒေသအသီးသီးတွင်ရှိကြသည့် သမဝါယမလောက သားများအားလုံးကိုဖိတ်ခေါ်ကမ်းလှမ်းထားရှိမှုသည် ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီးကိုတည်ဆောက် နေခြင်းဖြစ်သည်။

မည်သည့်နိုင်ငံရေးစနစ်တွင်မဆို လိုက်လျောညီထွေစွာ ရပ်တည်ရှင်သန်နိုင်စွမ်းရှိပြီး လူ့အဖွဲ့အစည်းကို အကျိုးပြုနိုင်သည့် လှုပ်ရှားမှုမျိုးဖြစ်သည့်အလျောက် သမဝါယမ၏ကျင့်ဝတ်နှင့်အနှစ်သာရတို့သည်ပင် သမဝါယမ၏ ဝိသေသလက္ခဏာ (Cooperative Identity) ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေနှင့်အညီ သမဝါယမအသင်းများအားပြုပြင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၇ ရက်တွင် အပြည်ပြည်ဆိုင်ရာသမဝါယမအသင်းချုပ် တွင်ပါဝင်ခဲ့သည်။

၁၉၉၄ ခုနှစ်တွင် ကျင်းပသည့် (၄၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက စီးပွားရေးအရပါဝင်မှု၊ လူမှုရေးဆိုင်ရာတရားမျှတမှုနှင့် ရပ်ရွာအဖွဲ့အစည်းပြန်လည်ထူထောင်မှုတို့ကို သမဝါယမလုပ်ငန်းများက မည်သို့မြှင့်တင်ပေးနေသည်ကို ထင်ထင်ရှားရှားသိမြင်နိုင်ကြစေရန်အတွက် နှစ်စဉ်ဇူလိုင်လ၏ပထမဆုံး စနေနေ့ကို “အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့” အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ ယခုနှစ်အပြည်ပြည် ဆိုင်ရာ သမဝါယမနေ့သည် ဇူလိုင်လ ၄ ရက် (စနေနေ့) တွင် ကျရောက်ပြီး ယခုနှစ်၏ ဆောင်ပုဒ်မှာ **“Cooperatives for a Peaceful world” “ကမ္ဘာမြေငြိမ်းချမ်းဖို့ သမဝါယမများကဝန်းရံစို့”** ဟူ၍ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် မေလ ၆ ရက်က ကျင်းပ သည့်ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **“သမဝါယမစနစ်မှတစ်ဆင့် ကျေးလက်နေပြည်သူများစီးပွားပိုမိုဖြစ်ထွန်းလာစေပြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကို ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးမူကြီး(၅)ရပ်ဖြစ်သည့်ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေးစသည်တို့ကိုအခြေခံ၍ သမဝါယမစနစ်ကိုကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဖွံ့ဖြိုးပြီးနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများ၌ပင်သမဝါယမစနစ်ကိုကျင့်သုံးလျက်ရှိကြောင်း၊ ထို့ကြောင့်သမဝါယမစနစ်ဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် သမဝါယမလုပ်ငန်းများနှင့်ပတ်သက်၍အလေးအနက်ထားဆောင်ရွက်နေသည့်နိုင်ငံ ဖြစ်သည်။ ယနေ့ကာလ အများပြည်သူတို့၏တစ်ခဲနက်ထောက်ခံအားပေးမှုဖြင့်ပေါ်ထွန်းလာသည့် တတိယ အကြိမ်ဒီမိုကရေစီအစိုးရလက်ထက်တွင်လည်း သမဝါယမလုပ်ငန်းများကိုပိုမိုအောင်မြင်စွာလုပ်ဆောင်နိုင် ရေးအတွက်သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုဖွဲ့စည်းပေးထားသည်။ ကျေးလက်ဒေသနေ ပြည်သူများမှာ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် ကျေးလက်ဒေသများပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသည့်အတိုင်း အားလုံးက စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့်ဆောင်ရွက်ပါက အောင်မြင်မှုရရှိမည်ဖြစ်သည်။

သမဝါယမလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ ခန့်တွင် အောင်မြင်စွာလည်ပတ်လုပ်ကိုင်လျက်ရှိပြီး သက်ဆိုင်ရာနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်အကျိုးပြုလျက်ရှိကြသည်။ ကမ္ဘာ့နိုင်ငံကြီးများ ဖြစ်ကြသည့် အမေရိကန်နှင့် အိန္ဒိယတို့သည် ကမ္ဘာပေါ်တွင် သမဝါယမအသင်းသားအများဆုံးနိုင်ငံကြီး များဖြစ်ကြရာ သမဝါယမစနစ်ကို ယုံယုံကြည်ကြည်၊ တက်တက်ကြွကြွနှင့် စနစ်တကျလုပ်ဆောင်ပါက အောင်မြင်ရမည်သာဖြစ်သည်။ ကုလသမဂ္ဂနှင့်အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်တို့ ဦးဆောင်ကျင်းပ သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့သည် လူထုဗဟိုပြုစီးပွားရေးလုပ်ငန်းများကိုရေရှည်တည်တံ့ သောဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များနှင့် ချိတ်ဆက်ပေးသည်။ သမဝါယမလုပ်ငန်းသည်မည်သည့်နိုင်ငံ ရေးစနစ်တွင်မဆိုလိုက်လျောညီထွေရပ်တည်ရှင်သန်နိုင်သည်ဖြစ်ပေရာ မြန်မာနိုင်ငံရှိ သမဝါယမအသင်း များအနေဖြင့် သမဝါယမစနစ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ဂုဏ်ပြု ရေးသားလိုက်ရပေသည်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ငုယင်အန်းဒပ်အား ခန့်အပ်ရန် သဘောတူညီပြီးဖြစ်

နေပြည်တော် ဇူလိုင် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကွတ်ဝ်သွမ်၏နေရာတွင် မစ္စတာ ငုယင်အန်းဒပ် အားခန့်အပ်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံအစိုးရ၏အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ငုယင်အန်းဒပ်ကို ၁၉၇၇ ခုနှစ်၊ အောက် တိုဘာလ ၆ ရက်တွင်မွေးဖွားခဲ့ပြီး ၎င်းသည် ဗီယက်နမ်သံတမန်သင်တန်းကျောင်းမှ ဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေး)နှင့် ဗြိတိန်နိုင်ငံမှ မဟာ ဝိဇ္ဇာဘွဲ့ (နိုင်ငံတကာဆက်ဆံရေး)တို့ကိုရရှိခဲ့သည်။

မစ္စတာ ငုယင်အန်းဒပ်သည် ၂၀၀၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ၊ ပြည်ပဆက်ဆံရေး ဗဟိုကော်မရှင်တွင် ရာထူးအဆင့်ဆင့်ဖြင့်လည်း ကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မလေးရှားနိုင်ငံ၊ ဗီယက်နမ်သံရုံးတွင် သံမှူးအဖြစ် လည်းကောင်း၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ပြည်ပ ဆက်ဆံရေးဗဟိုကော်မရှင်တွင် ဒုတိယညွှန်ကြားရေး မှူးချုပ်အဖြစ်လည်းကောင်းတာဝန်ထမ်းဆောင်ခဲ့ သည်။ ၎င်းသည် ၂၀၂၅ ခုနှစ်၊ မတ်လမှ လက်ရှိ အချိန်အထိ ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဌာနတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသည်။

မစ္စတာ ငုယင်အန်းဒပ်သည် အိမ်ထောင်ရှင်တစ်ဦး ဖြစ်သည်။

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် ကြိုးဝိုင်း သဇင်လမ်းဘေး၌ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး ဦးဆန်းဦးက အမှာစကားပြောကြားပြီး မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

ထို့နောက်ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးနှင့် ဦးခင်လတ်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြား ရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်နေရာ များတွင် သစ်မျိုး ၁၂ မျိုး၊ အပင်ပေါင်း ၁၂၀၀ အား တပျော်တပါး စိုက်ပျိုးနေမှုကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၃

ယနေ့ ညနေ ၃ နာရီ ၃၉ မိနစ် ၀၈ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၃၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မိုင်းလားမြို့၏ တောင်-အရှေ့တောင်ဘက် ၇ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၅၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၀၀ ဒသမ ၀၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# လေဖိအားနည်းရပ်ဝန်းပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဇူလိုင် ၃

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့်ယင်း နှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿ ပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်း (Low Pressure Area) သည် ဆက်လက် တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြောကြားသည့် အဖွင့်ဗီဒီယိုမိန့်ခွန်း

( ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )



**အားလုံးမင်္ဂလာပါ ခင်ဗျာ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၆ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေ၊ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့ဟာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဖွဲ့စည်းခဲ့တဲ့ နှစ် (၃၀) ပြည့်မြောက်တဲ့နေ့လည်းဖြစ်ပါတယ်။ ဒီနေ့မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့အခန်းကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်လျက်ရှိကြတဲ့ မြန်မာအမျိုးသမီးတွေရဲ့ စွမ်းဆောင်ရည်နဲ့ ကြိုးပမ်းအားထုတ်မှုတွေကို အသိအမှတ်ပြုပါကြောင်းနဲ့ ထူးချွန်အမျိုးသမီးများကို ဂုဏ်ပြုတဲ့နေ့လည်းဖြစ်တဲ့အတွက် များစွာဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့အခမ်းအနားဟာ နှစ်ပေါင်း (၃၀) ကာလအတွင်း အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မှုတွေကို ပြန်လည်အမှတ်ရခြင်းသာမက အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ်များရဲ့ အခွင့်အရေး၊ တန်းတူညီမျှမှုနဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းတွေကို ဆက်လက်အားဖြည့်ဆောင်ရွက်သွားမယ့်ကတိကဝတ်တစ်ရပ်လည်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။ မြန်မာအမျိုးသမီးများဟာ ရှေးယခင်ကတည်းက မိသားစုဘဝသာယာရေး၊ လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးရေး၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာအမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိကြပါတယ်။ ကျေးလက်ဒေသတွေကအစ မြို့ပြဒေသများအထိ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းတွေမှာ အမျိုးသမီးတွေရဲ့ ပါဝင်မှုဟာ နိုင်ငံတော်အတွက် ထိရောက်တဲ့အင်အားတစ်ရပ်ဖြစ်ပါတယ်။

ကမ္ဘာလုံးဆိုင်ရာအနေနဲ့ ၁၉၉၅ ခုနှစ်မှာကျင်းပပြုလုပ်ခဲ့တဲ့ စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံက ချမှတ်ခဲ့တဲ့ ဘေဂျင်းလုပ်ငန်းစီမံချက်မှာ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ကဏ္ဍ (၁၂)ရပ်ကိုသတ်မှတ်ပေးခဲ့ပြီး ယနေ့အချိန်အထိ နိုင်ငံတကာအသိုက်အဝန်းအတွက် အရေးပါတဲ့ လမ်းညွှန်ချက်တစ်ရပ်အဖြစ် ရပ်တည်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအပါအဝင် အမျိုးသမီးများအား **“နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း”** ကို ပါဝင်လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတွေအနေနဲ့ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများပပျောက်ရေးနဲ့ တန်းတူအခွင့်အရေးရရှိရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၅) ဖြစ်တဲ့ ကျား မ တန်းတူညီမျှမှုရရှိရေး၊ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်များအားလုံး စွမ်းပကား တိုးမြှင့်စေရေးကို အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။

ဒီလိုဆောင်ရွက်နေပေမယ့်လည်း ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေဟာလည်း ဆက်လက်တည်ရှိနေဆဲဖြစ်ပါတယ်။ UN Women အဖွဲ့က ထုတ်ပြန်ခဲ့တဲ့ **“စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များဆိုင်ရာတိုးတက်မှုများအတွက် ၂၀၂၅ ခုနှစ် ကျား မ တန်းတူညီမျှရေး ခြုံငုံသုံးသပ်ချက်အစီရင်ခံစာ”** အရ ၂၀၃၀ ပြည့်နှစ်မှာ ကမ္ဘာ့လူဦးရေရဲ့ ၈ ဒသမ ၂ ရာခိုင်နှုန်းဖြစ်တဲ့ ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ် ၃၅၁ သန်းခန့်ဟာ အလွန်ဆင်းရဲနွမ်းပါးမှုအခြေအနေမှာ ဆက်လက်နေထိုင်ရနိုင်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် အသက် ၁၅ နှစ်ကနေ ၄၉ နှစ်အတွင်း အမျိုးသမီး ၈ ဦးမှာ ၁ ဦးဟာ မိသားစုအတွင်း အကြမ်းဖက်မှုကို ခံစားခဲ့ရကြောင်း တွေ့ရှိရပါတယ်။ ဒါတွေကို လျော့နည်းသွားအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းရှိ လွှတ်တော်များမှာ အမျိုးသမီးကိုယ်စားလှယ်များရဲ့ ပါဝင်မှုနှုန်းအနေနဲ့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ ၂၇ ဒသမ ၂ ရာခိုင်နှုန်းရှိလာပြီး ၂၀၁၅ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် ၄ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်လာတာတွေ့ရပါတယ်။ ကမ္ဘာလုံးဆိုင်ရာ အချက်အလက်တွေအရ ဆုံးဖြတ်ချက်ချမှတ်မှုအဆင့်ဆင့်မှာ အမျိုးသမီးများရဲ့ အဓိပ္ပာယ်ပြည့်ဝတဲ့ ပါဝင်မှုနဲ့ ဦးဆောင်မှုအခန်းကဏ္ဍကို ပိုမိုမြှင့်တင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

အာဆီယံဒေသအတွင်းမှာလည်း အမျိုးသမီးများရဲ့အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ကျား မ တန်းတူညီမျှမှုဖော်ဆောင်ရေးနဲ့ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းတွေကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အဖွဲ့ဝင်နိုင်ငံများအကြားအတွေ့အကြုံများဖလှယ်ခြင်း၊ မူဝါဒနဲ့ အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနဲ့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျား မ တန်းတူညီမျှမှု မြှင့်တင်ရေးအတွက် အဓိကမဟာဗျူဟာစီမံကိန်းတစ်ခုဖြစ်တဲ့ **“အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)”** ကို ဘေဂျင်းလုပ်ငန်းစီမံချက်ရဲ့ အရေးကြီးကဏ္ဍ(၁၂)ရပ်နဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မဟာဗျူဟာစီမံကိန်းရဲ့ ကဏ္ဍတစ်ရပ်ဖြစ်တဲ့ ပညာရေးဟာ လူတစ်ဦးချင်းစီရဲ့ အနာဂတ်ကို ပုံဖော်ပေးတဲ့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်မောင်းနှင်ပေးတဲ့ အခြေခံအကျဆုံးနဲ့ အရေးပါဆုံးကဏ္ဍဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ပြည်ထောင်စုအစီရင်ခံစာအရ မြန်မာနိုင်ငံမှာ လူဦးရေ ၅၁ သန်းကျော်ရှိပြီး အမျိုးသမီးဦးရေဟာ ၅၃ ရာခိုင်နှုန်းခန့်ရှိပေမယ့်လည်း အသက် ၁၅ နှစ်နဲ့အထက် စာတတ်မြောက်မှုနှုန်းမှာ အမျိုးသားများဟာ ၉၃ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသမီး ၉၀ ဒသမ ၉ ရာခိုင်နှုန်းရှိတာ တွေ့ရပါတယ်။ ဒါ့အပြင် အမျိုးသမီးများရဲ့ စာတတ်မြောက်မှုနှုန်းဟာ မြို့ပြမှာ ၉၄ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ကျေးလက်မှာ ၈၈ ဒသမ ၇ ရာခိုင်နှုန်းသာရှိပါတယ်။ မြို့ပြနဲ့ကျေးလက်များအကြားမှာ ပညာရေးကွာဟချက်များ ရှိနေဆဲဖြစ်တာတွေ့ရပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျတဲ့ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေမှာ စာတတ်မြောက်မှုနှုန်းအနေနဲ့ တစ်နိုင်ငံလုံးပျမ်းမျှနှုန်းထက် သိသိသာသာနည်းပါးနေတာကိုတွေ့ရှိရပါတယ်။

ဒီတွေ့ရှိချက်တွေဟာ ပညာရေးကဏ္ဍမှာ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ်များရဲ့ ပညာသင်ယူခွင့်နဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးကို ပိုမိုအလေးထားဆောင်ရွက်ဖို့လိုအပ်ကြောင်း ဖော်ပြနေတာဖြစ်ပါတယ်။ ဒါ့ကြောင့် မြို့ပြနဲ့ ကျေးလက်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအကြား ပညာရေးကွာဟချက်တွေကိုလျှော့ချနိုင်ဖို့နဲ့ အမျိုးသမီးများအတွက် အရည်အသွေးပြည့်ဝတဲ့ ပညာရေးနဲ့ လေ့ကျင့်သင်ကြားရေးအခွင့်အလမ်းတွေပိုမိုရရှိစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ အထူးအားဖြင့် ကျေးလက်နေ ကျောင်းနေအရွယ် အမျိုးသမီးငယ်များအားလုံး ကျောင်းတက်နိုင်ရေး၊ အနည်းဆုံး KG+9 သင်ယူနိုင်ရေးအတွက်ဆောင်ရွက်ကြဖို့နဲ့ ကျေးရွာစာကြည့်တိုက်ငယ်များဖွင့်လှစ်ပြီး စာပေလေ့လာဖတ်ရှုရေး၊ ဗဟုသုတများရရှိရေးတို့ကို ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း အလေးထားမှာကြားလိုပါတယ်။

တစ်နိုင်ငံလုံးအနေနဲ့ အသက် ၁၅ နှစ်နဲ့အထက် လုပ်သားအင်အားပါဝင်မှုနှုန်းမှာ အမျိုးသားများက ၆၃ ဒသမ ၈ ရာခိုင်နှုန်းရှိပေမယ့်လည်း အမျိုးသမီးများက ၃၄ ဒသမ ၁ ရာခိုင်နှုန်းသာရှိတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် မြို့ပြနဲ့ ကျေးလက်ဒေသများအကြားသာမက တိုင်းဒေသကြီးများနဲ့ ပြည်နယ်များအကြားမှာလည်း အမျိုးသမီးများရဲ့ လုပ်သားအင်အားပါဝင်မှုနှုန်းဟာ အမျိုးသားများထက်နည်းပါးနေပြီး ကွာဟချက်တွေ ဆက်လက်တည်ရှိနေတာကို တွေ့ရပါတယ်။ ဒီအချက်အလက်တွေအရ အမျိုးသမီးများအတွက် စီးပွားရေးစွမ်းဆောင်ရည်မြင့်မားလာစေရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ အပြည့်အဝပါဝင်နိုင်စေရေးအတွက် သက်ဆိုင်ရာကဏ္ဍအသီးသီးက ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာအမျိုးသမီးများဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရပ်ပိုင်းနဲ့ အနုပညာစတဲ့ ကဏ္ဍတွေမှာသာမက နိုင်ငံတော်ကာကွယ်ရေးနဲ့ အုပ်ချုပ်ရေးယန္တရားများမှာပါ အမျိုးသားများနဲ့တန်းတူ တိုင်းပြည်အကျိုးကို စွမ်းစွမ်းတမံသယ်ပိုးခဲ့ကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလိုကြိုးပမ်းဆောင်ရွက်ရာမှာ လွှတ်တော်အသီးသီးမှာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များရဲ့ ပါဝင်မှုနှုန်းအနေနဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှာ ၄ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ဒုတိယအကြိမ်မှာ ၁၀ ဒသမ ၅ ရာခိုင်နှုန်းနဲ့ အခုတတိယအကြိမ်မှာ ၁၄ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိလာတာတွေ့ရပါတယ်။

တရားဥပဒေစိုးမိုးရေးကဏ္ဍမှာ အမျိုးသမီး ဒုတိယရဲအုပ်အဆင့်နဲ့အထက် ပါဝင်မှုဟာ ၂၀၂၁ ခုနှစ်မှာ ၁၂ ဒသမ ၈၇ ရာခိုင်နှုန်းမှ ၂၀၂၄ ခုနှစ်မှာ ၁၇ ဒသမ ၅၆ ရာခိုင်နှုန်းထိ မြင့်တက်လာတာတွေ့ရပါတယ်။ ဒုတိယမြို့နယ် ဥပဒေအရာရှိနဲ့အထက် ရာထူးနေရာများနဲ့ ဒုတိယမြို့နယ်တရားသူကြီးနဲ့အထက် ရာထူးနေရာတွေမှာလည်း အမျိုးသမီးပါဝင်မှု ၅၃ ရာခိုင်နှုန်းကျော်ရှိတဲ့အတွက် တရားဥပဒေစိုးမိုးရေးကဏ္ဍမှာ အမျိုးသမီးပါဝင်မှုနှုန်းမြင့်မားနေတာ အားရဖွယ်ရာတွေ့ရှိရပါတယ်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းမှာခန့်အပ်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၁၅၅၂ ဦးအနက် အမျိုးသမီး ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၁၀၉ ဦးခန့်အပ်ထားပြီးဖြစ်ပါတယ်။ ဒီအချက်အလက်တွေအရ အမျိုးသမီးတွေကို ရပ်ရွာခေါင်းဆောင်များနဲ့ ငြိမ်းချမ်းရေးတည်ဆောက်သူများအဖြစ် ဆုံးဖြတ်ချက်ချမှတ်တဲ့ကဏ္ဍတွေမှာ တာဝန်ပေးခန့်ထားလျက်ရှိပြီး တာဝန်ထမ်းဆောင်နေကြတာကို တွေ့မြင်နေရပြီဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီရဲ့ ဦးဆောင်မှုနဲ့အတူ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများနဲ့ အဖွဲ့အစည်းဆိုင်ရာ ယန္တရားများကို ပိုမိုခိုင်မာအားကောင်းစေဖို့ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျား မ ရေးရာလုပ်ငန်းစဉ်တွေအတွက် တာဝန်ခံမှုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှုများကိုတိုးမြှင့်ဖို့နဲ့ အမျိုးသားများ၊ လူငယ်များကိုလည်း ကျား မ တန်းတူညီမျှမှု မြှင့်တင်ရေးလုပ်ငန်းတွေမှာ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားဖို့မှာကြားလိုပါတယ်။

ယခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတည်ထောင်မှုနှစ် (၃၀)ပြည့်မြောက်ပြီဖြစ်လို့ ဒီလို ထူးခြားတဲ့နှစ်မှာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ဖို့အတွက် အမျိုးသမီးရေးရာဝန်ကြီးဌာနကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ နိုင်ငံတကာ ကတိကဝတ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၅)ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးတို့အတွက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ဦးဆောင်ကော်မတီကို ဒုတိယသမ္မတ (၂)နဲ့ အဆင့်မြှင့်တင်ဖွဲ့စည်းပေးထားပြီးလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် စီမံကိန်းလုပ်ငန်းစဉ်တွေကို ထိရောက်စွာ အကောင်အထည်ဖော်ရေး၊ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ်များ ဘေးကင်းလုံခြုံမှုရှိရေး၊ ဂုဏ်သိက္ခာနဲ့ တန်းတူအခွင့်အရေးများရရှိတဲ့ လူမှုအသိုက်အဝန်းတစ်ရပ် တည်ဆောက်ရေးနဲ့ အထူးအားဖြင့် ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားလုံးအတူတကွ ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံရဲ့ လူဦးရေထက်ဝက်ကျော်ရှိတဲ့ အမျိုးသမီးများနယ်ပယ်အသီးသီးမှာဖွံ့ဖြိုးတိုးတက်မှသာ မိသားစု၊ လူမှုအသိုက်အဝန်းနဲ့ နိုင်ငံတော်လည်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာအမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားပြီး တန်းတူညီမျှမှု၊ ငြိမ်းချမ်းရေးနဲ့ ရေရှည်တည်တံ့တဲ့ဖွံ့ဖြိုးတိုးတက်မှုဆီကို လျှောက်လှမ်းနိုင်ဖို့ အမျိုးသမီးကဏ္ဍမြှင့်တင်ရေးကို အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# တက္ကသိုလ်ပေါင်းစုံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက်ရောက်




နေပြည်တော် ဇူလိုင် ၃

၂၀၂၆ ခုနှစ် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်ပေါင်းစုံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ညနေပိုင်းတွင် တက္ကသိုလ်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် နေပြည်တော်ဇုန်အသင်းနှင့် ပုသိမ်ဇုန်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပုသိမ်ဇုန်အသင်းက နေပြည်တော်ဇုန်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကိုကျင်းပရာ နေရာအလိုက်အကောင်းဆုံးကစားသမားဆုရသူများ၊ ဂိုးသွင်းအများဆုံးကစားသမားဆုရရှိသူ၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆုရရှိသူများ၊ တတိယဆုရရှိသည့်ရန်ကုန်ဇုန်အသင်း၊ ဒုတိယဆုရရှိသည့် နေပြည်တော်ဇုန်အသင်း၊ ပထမဆုရရှိသည့် ပုသိမ်ဇုန်အသင်းတို့ကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဇူလိုင်လ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းလေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို မန္တလေးဇုန်အသင်းနှင့်ပုသိမ်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ညနေပိုင်းတွင် ဗိုလ်လုပွဲအဖြစ် မြစ်ကြီးနားဇုန်အသင်းနှင့်မော်လမြိုင်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# Recreation Center ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တက်ရောက်



နေပြည်တော် ဇူလိုင် ၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ Naypyitaw State Polytechnic University ၏ Recreation Center ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက Recreation Center အဆောက်အအုံကို ဖွင့်လှစ်ပေးကြပြီး အဆောက်အအုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် NSPU မှ ကျောင်းသားများ၏ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီကြသည့် ဖျော်ဖြေရေးအဖွဲ့များနှင့် ပြိုင်ပွဲဝင် ဘော်လီဘောအသင်းများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ



နေပြည်တော် ဇူလိုင် ၃

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်ကအမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် ၊ အသုံးပြုခွင့် ခွင့်ပြုမိန့်မရရှိဘဲ လုပ်ကိုင်အသုံးပြုမှုများကို စီမံခန့်ခွဲနိုင်ရေးဆောင်ရွက်မည့်စံပြုလုပ်ထုံးလုပ်နည်း "မူကြမ်း" နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း၊ အထွေထွေကိစ္စရပ်ဆိုင်ရာစာတွဲများ ဆွေးနွေးခြင်းတို့ကိုဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပမှုကို လာရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၃

Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်ဦးဆောင်သော ဘာသာရပ်အသီးသီး၏ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပမှုကို ဇူလိုင်လ ၁ ရက်တွင် ၃၉၄ ဦးနှင့် ယနေ့ဇူလိုင်လ၃ ရက်တွင် ၃၉၇ ဦး စုစုပေါင်း ၇၉၁ ဦး လာရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ

## ဇူလိုင်မှာဆုံကာတွေ့ မြန်မာအမျိုးသမီးများနေ့

❍ မိုးဝသန် ဇူလိုင်လ
ဆန်းကာစ သုံးရက်လာ။
ပြည်မြန်မာ အမျိုးသမီးများနေ့
ဆုံတွေ့စေရာ။
ဘေဂျင်းက စခဲ့တာ
တိုးတက်ကာ ဖော်ဆောင်မှု။
ကဏ္ဍစုံ နယ်ပယ်ရပ်
သတ်မှတ်တည်ပြု။

❍ ခေါ်ဆိုကာ ဂုဏ်ပြုမြဲ
ပုခက်လွှဲ လက်ပိုင်ရှင်။
အနာဂတ်တွင် လူ့ချွန်သရုပ်
မွေးထုတ်ကာပင်။
ပုဗ္ဗစရိယ ဂုဏ်တော်မြင်
ပထမဝင် ဆရာသမား။
အနွယ်တော် တော်လေးဝ
မုချထင်ရှား။

❍ စီးပွားအရာ လူမှုရေး
ပါဝင်မနေး သူတို့တစ်တွေ။
ကြည်း၊ ရေ၊ လေ စစ်မှုထမ်း
တက်လှမ်းကာနေ။
ပြည်သူ့ရဲ ပါဝင်စေ
တာဝန်တွေ ကျေပွန်ဆဲ။
အမျိုးသမီးရေးရာ ကော်မတီကြီး
ဖွဲ့စည်းတည်မြဲ။

❍ အားနွဲ့ရာ မိန်းမသား
စောင့်ရှောက်ထားဖို့ လိုအပ်သည်။
လုပ်အကိုင် သက်မွေးမှု
ဂရုပြုစေမည်။
ပြည်ထောင်စု မြန်တိုင်းပြည်
ဖွံ့ဖြိုးတည် ဆောင်ရွက်ကြောင်း။
တို့မြန်မာ အမျိုးသမီးထုရယ်
အောင်ဆုတွေပေါင်း။ ။

စိန်ငွေးလှိုင်(ပခုက္ကူ)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၄-၇-၂၀၂၆(စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့ |
| ၂။ | ၀၈:၂၀ | Morning Songs |
| ၃။ | ၁၁:၅၀ | စိုက်မွေးသုတ |
| ၄။ | ၁၄:၅၀ | Business Tips |
| ၅။ | ၁၆:၀၀ | Holiday Vibes |
| ၆။ | ၂၁:၄၀ | ဇာတ်လမ်းအသွင်တေးသံစဉ် |

⇨ **ကျောဖုံးမှအဆက်**

တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင်လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လာအိုနိုင်ငံဝန်ကြီးချုပ်တို့နှင့်တွေ့ဆုံခြင်းနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံခြင်းတို့ကို ဆောင်ရွက်၍ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များတိုးမြှင့်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားမည့်အပြင် လာအိုနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများနှင့်အဆောက်အဦများ၊ အထင်ကရနေရာများသို့သွားရောက်လေ့လာခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန်နံနက် ၉ နာရီ ၁၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့၊ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး (Minister in Attendance) မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟောနှင့်ဇနီး ဦးဆောင်သည့် လာအိုအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကိုနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ရာဇာထွန်းနှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုစဉ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) လာရောက်ကြသည့် နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍လည်းကောင်း၊ လာအိုကလေးငယ်နှစ်ဦးတို့က ဂုဏ်ပြုပန်းစည်း ကမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ လမ်းဘေးဝဲယာ၌ လာအိုနိုင်ငံ ကင်းထောက်လူငယ်မောင်မယ်လေးများက နှစ်နိုင်ငံအလံများဝှေ့ယမ်း၍ နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား ခရီးဦးကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ လာအိုရိုးရာပိုးထည်ပြတိုက်နှင့် လာအိုအနုပညာပြတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ လာအိုရိုးရာပိုးထည်ပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် ပြတိုက်တာဝန်ရှိသူတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

**နေပြည်တော် ဇူလိုင် ၃**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားသည့် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှသည် ယနေ့တွင် လာအိုရိုးရာပိုးထည်ပြတိုက်နှင့် လာအိုအနုပညာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှသည် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ဇနီးနှင့် တာဝန်ရှိသူများလိုက်ပါ၍ လာအိုရိုးရာပိုးထည်ပြတိုက်သို့ရောက်ရှိရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ၏ဇနီး မစ္စစ်နားလီ ဆီစုလိနှင့် လာအိုရိုးရာပိုးထည်ပြတိုက်မှ တာဝန်ရှိသူများက ခင်မင်ရင်းနှီးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် လာအိုရိုးရာပိုးထည်ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပိုးထည်များနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှသည် လာအိုရိုးရာပိုးထည်ပြတိုက်ရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ပြတိုက်တာဝန်ရှိသူနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါလာအိုရိုးရာပိုးထည်ပြတိုက်သည် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တော်ရှိအရေးပါသော ယဉ်ကျေးမှုအမွေအနှစ်ပြတိုက်နှင့် ပြပွဲခန်းမတစ်ခုဖြစ်ပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ဇနီး မစ္စစ် နားလီ ဆီစုလိ ကိုယ်တိုင်ဦးဆောင်ပံ့ပိုးမှုဖြင့် လာအိုရိုးရာလက်မှုပညာအသင်းက ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် Lao Silk Residence ကို တရားဝင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါပြတိုက်ကို ပြင်သစ်ကိုလိုနီခေတ် ဗိသုကာဒီဇိုင်းနှင့် လာအိုရိုးရာဗိသုကာလက်ရာများ ပေါင်းစပ်တည်ဆောက်ထားပြီး လာအိုနိုင်ငံတစ်ဝန်းရှိ မတူကွဲပြားသော တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာပိုးထည်ယဉ်ကျေးမှုကို တစ်နေရာတည်းတွင် စုံလင်စွာလေ့လာနိုင်သည့် ပြတိုက်တစ်ခုဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် ဗီယင်ကျန်းမြို့ရှိ လာအိုအနုပညာပြတိုက်(Lao Art Museum)သို့ သွားရောက်လေ့လာကြရာ ပြတိုက်မှတာဝန်ရှိသူများက ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် လာအိုအနုပညာပြတိုက် (Lao Art Museum)အတွင်း လှည့်လည်ကြည့်ရှုရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် လက်မှုအနုပညာပစ္စည်းများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြသည်။


ယင်းနောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှသည် လာအိုအနုပညာပြတိုက်ရှိ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ပြတိုက်တာဝန်ရှိသူနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ လာအိုအနုပညာပြတိုက်(Lao Art Museum)ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လာအိုနိုင်ငံ၏ ခေတ်အဆက်ဆက်အနုပညာလက်ရာများ၊ ပန်းချီ၊ ပန်းပုလက်ရာများကို တစ်နေရာတည်းတွင် ခင်းကျင်းပြသထားကြောင်းနှင့် ပြတိုက်အတွင်း ဝါရင့်အနုပညာရှင်များမှစ၍ မျိုးဆက်သစ်လူငယ်များ၏ ရိုးရာဗုဒ္ဓရုပ်ပွားတော်များနှင့် အယူအဆဆန်းသစ်သည့် ခေတ်ပေါ်စိတ်ကူးယဉ် ပန်းပု၊ ဆီဆေး၊ ရေဆေး၊ ပန်းချီလက်ရာများကို ကဏ္ဍအလိုက် ခင်းကျင်းပြသထားကြောင်း သတင်းရရှိသည်။

မြဝတီ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တွေ့ဆုံဆွေးနွေး

## လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးသာမက မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဆေဆုံဖုန်း ဖုန်ဝိဟိန့်က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာဆေဆုံဖုန်း ဖုန်ဝိဟိန့်တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇူလိုင် ၃**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်(State Visit)ရောက်ရှိနေသည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဆေဆုံဖုန်း ဖုန်ဝိဟိန့်နှင့် လာအိုအမျိုးသားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လာအိုအမျိုးသားလွှတ်တော်ရုံးသို့ ရောက်ရှိကြရာ လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာဆေဆုံဖုန်း ဖုန်ဝိဟိန့်နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့်လာအိုအမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် လာအိုအမျိုးသားလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌တွေ့ဆုံဆွေးနွေးရာ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာအိုနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လာအိုအမျိုးသားလွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ် လာရောက်ခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ပထမဆုံးဖြစ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူများမှ ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်နှင့် အစိုးရက နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိမှုအခြေအနေများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကဏ္ဍများတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်နိုင်မှုအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်၍ အစိုးရအဖွဲ့သစ်မှ နိုင်ငံတော်တာဝန်များကိုထမ်းဆောင်လျက်ရှိသကဲ့သို့ လာအိုနိုင်ငံအနေဖြင့်လည်း မကြာမီကာလက ရွေးကောက်ပွဲကျင်းပ၍ အစိုးရအဖွဲ့သစ်မှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိခြင်းကြောင့် နှစ်နိုင်ငံအစိုးရအဖွဲ့အချင်းချင်းနှင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လွှတ်တော်အချင်းချင်းပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်မှုအခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် နိုင်ငံတကာဆက်ဆံမှုများ တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အာဆီယံအဖွဲ့အတွင်းသို့ တစ်ချိန်တည်းဝင်ရောက်ခဲ့သည့်နိုင်ငံများဖြစ်သည်နှင့်အညီ အပြန်အလှန် ထောက်ခံအားပေးလျက်ရှိမှု အခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးသာမက မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် လာအိုအမျိုးသားလွှတ်တော်ရုံးမှ ပြန်လည်ထွက်ခွာရာ လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရင်းရင်းနှီးနှီး လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ အညတရသူရဲကောင်းစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချအလေးပြု





**နေပြည်တော် ဇူလိုင် ၃**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာထောင်လွန်း ဆီဆုလစ် ၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယင်ကျန်းမြို့သို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit)ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အညတရသူရဲကောင်းစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချ၍ အလေးပြုသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အညတရသူရဲကောင်းစစ်သည်ဗိမာန်သို့ ရောက်ရှိကြရာ လာအိုနိုင်ငံမှ

**စာမျက်နှာ ၇ သို့ ▼**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အညတရသူရဲကောင်းစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချ၍ အလေးပြုစဉ်။

▼ စာမျက်နှာ ၆ မှအဆက်

အဆင့်မြင့်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဂုဏ်ပြုပန်းခွေကိုင် အရာရှိနှစ်ဦးနှင့်အတူ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ လာအိုပြည်သူ့ဒီမိုကရက် တစ်သမ္မတ နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လွမ်းသူ့ပန်းခွေချမည့်နေရာသို့ ချီတက်နေရာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လာအိုပြည်သူ့တပ်မတော်မှ စစ်တီးဝိုင်းအဖွဲ့၏ တီးမှုတ်မှုနှင့်အတူ အညတရသူရဲကောင်းစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချ အလေးပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လာအိုနိုင်ငံမှအဆင့်မြင့် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၆)ကျင်းပ



နေပြည်တော် ဇူလိုင် ၃

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၆)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ၊ မဟာဗျူဟာအကောင်အထည်ဖော်မှုကြီးကြပ်ရေးအဖွဲ့မှဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၂၆ ခုနှစ် မတ်လ ၁၁ ရက်တွင် နိုင်ငံတကာ စံနှုန်းများနှင့်အညီဖြစ်စေရေး ပြဋ္ဌာန်းနိုင်ခဲ့ပြီး နည်းဥပဒေကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ AML/CFT လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မိမိတို့ရင်ဆိုင်နေရသည့် FATF ၏ Black List မှ ရုန်းထွက်နိုင်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ် တတိယအကြိမ် နိုင်ငံအချင်းချင်းအကဲဖြတ်ခြင်းလုပ်ငန်းစဉ် (Mutual Evaluation–ME) အတွက် ကြိုတင်ပြင်ဆင်မှုအုတ်မြစ်ကိုချလိုက်ခြင်းဖြစ်ကြောင်း၊ ME ကြိုတင်ပြင်ဆင်ရေး အပိုင်းကိုလည်း ယနေ့အချိန်မှစ၍ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

# ၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဆုပေးပွဲပြုလုပ်




ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား နယ်မြေခံ လေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇူလိုင် ၃

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်၌ပြုလုပ်ရာ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဆုရရှိသော အားကစားသမားများအား တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းရရှိသောအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား နယ်မြေခံ လေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲကို လေတပ်ကွပ်ကဲမှုဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်နှင့်လေတပ်စခန်းအသီးသီးတို့မှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့ဖြင့် ဇွန်လ ၂၉ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်းသတင်းရရှိသည်။

(၁၀၀)

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် စစ်ကိုင်းတပ်နယ်အသင်းနှင့်မုံရွာတပ်နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် ဇူလိုင် ၃

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် စစ်ကိုင်းတပ်နယ်အသင်းနှင့် မုံရွာတပ်နယ်(ခ) အသင်းတို့၏ ယှဉ်ပြိုင်မှုများအား ကြည့်ရှုအားပေးကြသည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၈ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ခုနှစ်၊ တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်းပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက တစ်ဦးချင်းအကောင်းဆုံးအားကစားသမားဆု၊ အသင်းလိုက်ဆုနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို ဒိုင်းဆုနှင့် ဆုများအသီးသီးချီးမြှင့်ခဲ့ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း(၁၁) သင်းဖြင့် ဇွန်လ ၂၄ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဒိုင်းဆုရရှိသော အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

# ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက် )

**ချစ်ကြည်လေးစားအပ်ပါသော မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၄)ရက်နေ့တွင် ကျရောက်သည့် **"အပြည်ပြည်ဆိုင်ရာသမဝါယမနေ့"** နှင့် ဇူလိုင်လ (၆)ရက်နေ့တွင် ကျရောက်မည့် **"ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့"** အခါသမယများတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ၊ သမဝါယမမိသားစုဝင်များနှင့် ကျေးလက်နေမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သလိုက်ပါသည်။

မြန်မာနိုင်ငံအပါအဝင်ကမ္ဘာ့နိုင်ငံအသီးသီးမှ အခြေခံလူတန်းစားများ၏ စီးပွားရေးအရ စုပေါင်းလုပ်ဆောင်နိုင်သည့် စွမ်းအားများကို အသိအမှတ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် (ICA)ကို ၁၈၉၅ ခုနှစ်ကတည်းကပင် စတင်ဖွဲ့စည်းခဲ့ပြီး **"အပြည်ပြည်ဆိုင်ရာသမဝါယမနေ့"** ကို ၁၉၂၃ ခုနှစ်ကတည်းက သတ်မှတ်ထားရှိကာ အထိမ်းအမှတ်ပွဲများကျင်းပလာခဲ့ပါသည်။ သမဝါယမဆိုသည်မှာ ကိုယ့်အားကိုယ်ကိုးခြင်း၊ အများဆန္ဒနှင့်အညီ စီမံခန့်ခွဲခြင်း၊ တန်းတူညီမျှခြင်းနှင့် စည်းလုံးညီညွတ်ခြင်းဆိုသည့် အဓိပ္ပာယ်ပြည့်ဝသည့် အနှစ်သာရများကို ပေါင်းစည်းအခြေခံထားခြင်းဖြစ်ပါသည်။

ယနေ့အချိန်တွင် အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၀၆) နိုင်ငံတွင် အသင်းသားပေါင်း (၁)ဘီလီယံကျော် ပါဝင်ဖွဲ့စည်းထားပြီး ကမ္ဘာ့အလုပ်လုပ်ကိုင်သူလူဦးရေ၏ ၁၀ ရာခိုင်နှုန်းဖြစ်သော လူဦးရေသန်း ၈၂၀ ကျော်ကို အလုပ်အကိုင်များဖန်တီးပေးထားကြောင်းသိရှိရပါသည်။ ကမ္ဘာ့အကြီးဆုံး နိုင်ငံတကာလုပ်ငန်းစုကြီးများအားလုံးတွင် အလုပ်လုပ်နေသူစုစုပေါင်းထက် သမဝါယမလုပ်ငန်းခွင်များတွင် အလုပ်လုပ်နေသူ ၂၀ ရာခိုင်နှုန်းခန့် ပိုမိုများပြားနေသည်ကို တွေ့ရှိရခြင်းမှာ သမဝါယမစနစ်၏အင်အားကြီးမားကြောင်းကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်ပါသည်။

ထိုကဲ့သို့ကြီးမားကျယ်ပြန့်သောသမဝါယမအင်အားစုကြီး၏ အဓိကအကျိုးပြုသည့်နေရာသည် လူဦးရေနေထိုင်မှုများပြားသော ကျေးလက်ဒေသများပင်ဖြစ်ပါသည်။ ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ စီးပွားရေးလုပ်ငန်းများ အဆင်ပြေစေရေးနှင့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရေးတို့အတွက် နိုင်ငံအသီးသီးက ဆယ်စုနှစ်ပေါင်းများစွာ ကြိုးစားအားထုတ်ခဲ့ကြပါသည်။ ထိုကဲ့သို့ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုရန်နှင့် ခွန်အားအပြည့်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ် ဇူလိုင်လ (၆)ရက်နေ့ကို **"ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့"** အဖြစ် ဆုံးဖြတ်ချမှတ်ခဲ့ပါသည်။ ၎င်းမှာ ကမ္ဘာတစ်ဝန်းလုံးရှိကျေးလက်ဒေသများ၏အရေးကြီးပုံကို ကမ္ဘာ့ခေါင်းဆောင်များက အလေးအနက်ထား အသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်ပါသည်။

ယခုနှစ်အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အတွက် သတ်မှတ်ဆောင်ပုဒ်မှာ **"ကမ္ဘာမြေငြိမ်းချမ်းဖို့ သမဝါယမများက ဝန်းရံစို့"** ဖြစ်ပါသည်။ သမဝါယမစနစ်သည် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ခြင်းသာမက လူမှုရေးစည်းလုံးညီညွတ်မှုကိုခိုင်မာစေပြီး ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းများကိုတည်ဆောက်ရာတွင် ကြီးမားသောစွမ်းရည်ရှိသည်ကို ဖော်ပြနေခြင်းပင်ဖြစ်ပါသည်။ အလားတူ ယခုနှစ် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အတွက်သတ်မှတ်ထားသည့်ဆောင်ပုဒ်မှာ **"တက်ကြွ၍ သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့သော ကျေးလက်အသိုက်အဝန်းဖော်ဆောင်ရေး"** ဖြစ်ပါသည်။ ၎င်းဆောင်ပုဒ်နှစ်ခုမှာ ဆက်စပ်မှုရှိပြီး ပေါင်းစပ်ကြည့်ပါက ပြည်သူလူထုတက်ကြွစွာပူးပေါင်းပါဝင်သော သမဝါယမစီးပွားရေးစနစ်ရှိမှသာလျှင် သာယာဝပြောမှု ပိုမိုရရှိမည်ဖြစ်သကဲ့သို့ သာယာဝပြောမှုရှိမှသာလျှင် ပြည်သူများ၏နေ့စဉ်ဘဝသည် ပျော်ရွှင်ချမ်းမြေ့နိုင်မည်ဖြစ်ပါသည်။ ၎င်းမှာ နိုင်ငံတော်အစိုးရက ချမှတ်ထားသော တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်နှင့်လည်းကိုက်ညီနေသဖြင့် သမဝါယမစနစ်အောင်မြင်ရေးနှင့် ကျေးလက်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသော ဒီမိုကရေစီအစိုးရဖြစ်သည်နှင့်အညီ ပြည်သူလူထု၏ဆန္ဒနှင့် အမှန်တကယ် လိုအပ်ချက်များကို အပြည့်ဝဆုံးနှင့် အထိရောက်ဆုံး ဖော်ဆောင်ပေးကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်မှုရှိရန်လိုအပ်သကဲ့သို့ စီးပွားရေးအရ ခိုင်မာတောင့်တင်းမှုရှိရန်လည်းလိုအပ်ပါသည်။ **"ကျေးလက်ဖွံ့ဖြိုးမှ နိုင်ငံဖွံ့ဖြိုးမည်"** ဖြစ်ရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများမြင့်မားလာရေးအတွက် ဦးစားပေးလုပ်ငန်းစဉ်အဖြစ် မဟာဗျူဟာချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်မှသာ မြို့ပြနှင့် ကျေးလက်ကွာဟမှုကျဉ်းမြောင်းလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်အဖြစ် ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

သမဝါယမစနစ်ကိုမဏ္ဍိုင်ပြုပြီး စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ အစုအဖွဲ့များ ခိုင်မာအားကောင်းလာစေရေး၊ ကျေးလက်အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကျေးလက်စီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးစေရေးတို့အတွက် မူဝါဒများ ခိုင်ခိုင်မာမာချမှတ်ပြီး ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍနှင့် စိုက်ပျိုး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ပါသည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိပြီး လုပ်ငန်းများအောင်မြင်ဖွံ့ဖြိုးတိုးတက်ကာ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး အထောက်အကူပြုပေးလျက်ရှိနေသည်ကို တွေ့ရပါသည်။ မိမိတို့မြန်မာနိုင်ငံတွင်လည်း သမဝါယမလုပ်ငန်းများကို ၁၉၀၄ ခုနှစ်ကတည်းကပင် စတင်ခဲ့ပြီး မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်းသည် အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် အဖွဲ့ဝင်အဖြစ် ၁၉၉၃ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါသည်။ သမဝါယမလုပ်ငန်းများသည် ငွေကြေးအကျပ်အတည်း၊ သဘာဝဘေး စသည့် ခက်ခဲသည့်ကာလများ၌ပင် ရင်ဆိုင်ကျော်လွှားပြီး ပုံမှန်စီးပွားရေးလုပ်ငန်းများထက် ပိုမိုကြံ့ကြံ့ခံ၍ အောင်မြင်စွာရပ်တည်နိုင်ခဲ့ကြသည်ကို တွေ့ရပါသည်။

ထို့ပြင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုများကို ထိန်းသိမ်းကာကွယ်ပေးခြင်း၊ ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးခြင်း၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် ဖူလုံလောက်ငစေရေးအတွက် အကူအညီအထောက်အပံ့ပေးခြင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများကို ငွေကြေးအရင်းအနှီးထောက်ပံ့ပေးခြင်း၊ လူ့ကျင့်ဝတ်စံတန်ဖိုးများပျိုးထောင်ပေးခြင်း စသည့်အခန်းကဏ္ဍများတွင် သမဝါယမအသင်းအဖွဲ့များက တက်ကြွစွာပါဝင်လျက်ရှိကြပါသည်။ ထိုကဲ့သို့ တက်ကြွစွာပါဝင်ဆောင်ရွက်ရာတွင် အဓိကကျသောကဏ္ဍမှာ **"သမဝါယမစနစ်ကိုအခြေခံသော စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေး"** ပင် ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သော မြေယာ၊ ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစု၊ နည်းပညာနှင့် လူသားအရင်းအမြစ်များကို တစ်ဦးတစ်ယောက်ချင်း သီးခြားဆောင်ရွက်ပါက အခက်အခဲများ၊ အဆင်မပြေမှုများရှိနိုင်ပါသည်။ သမဝါယမ အစုအဖွဲ့စနစ်ဖြင့် စနစ်တကျပူးပေါင်း၍ စုပေါင်းဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများလွယ်ကူလျင်မြန်ခြင်း၊ လေလွင့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ခြင်း၊ ထွက်ရှိလာသော စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အရည်အသွေးမီတန်ဖိုးမြှင့်ထုတ်ကုန်များ (Value-added Products) အဖြစ် အဆင့်ထုတ်လုပ်ခြင်းတို့ကို ပိုမိုလုပ်ဆောင်လာနိုင်မည်ဖြစ်ပါသည်။

သမဝါယမစနစ်မှတစ်ဆင့် ကျေးလက်နေပြည်သူများ စီးပွားပိုမိုဖြစ်ထွန်းလာစေပြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုအခြေခံပြီး သမဝါယမစနစ်ကို ကောင်းမွန်အောင်ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ သမဝါယမစနစ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

ကျေးလက်ဖွံ့ဖြိုးရေးအတွက်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် စိမ်းလန်း၊ သန့်ရှင်း၊ ခေတ်မီပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ်နှင့် ကျန်းမာရေးစနစ်ကောင်းမွန်သောကျေးရွာများ၊ ခေတ်မီစနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ လုပ်ငန်းဆောင်ရွက်သော ကျေးရွာများဖော်ဆောင်ရေးကို မဖြစ်မနေဦးစားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ယနေ့ ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များကို အဆိုးရွားဆုံးခံစားနေရသူများမှာ ကျေးလက်နေပြည်သူများပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ သစ်တောသစ်ပင်များပြုစုပျိုးထောင်ခြင်း၊ စွန့်ပစ်အမှိုက်စနစ်တကျစီမံခန့်ခွဲခြင်းများကို အထူးအလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ ထိုကဲ့သို့ဆောင်ရွက်နိုင်မှသာ ကျေးရွာများ သန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်ပြီး ခေတ်မီနည်းပညာများကိုအသုံးချနိုင်သည့် စံပြကျေးရွာများ (Clean, Green and Smart Villages) အဖြစ်သို့ အသွင်ကူးပြောင်းနိုင်မည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးရှိ မြို့ကြီးပြကြီးများအထိပါ Smart City များအဖြစ်သို့ ကွန်ရက်ချိတ်ဆက်တက်လှမ်းနိုင်စေရေး ကြိုးပမ်းသွားကြရန်တိုက်တွန်းလိုပါသည်။

ခေတ်မီစံပြကျေးရွာများဖြစ်လာစေရန်အတွက် အခြေခံအကျဆုံးဖြစ်သည့် သန့်ရှင်းသောသောက်ရေနှင့် လုံလောက်သောသုံးရေရရှိရေးကို ဦးစားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့်မြေအောက်ရေခန်းခြောက်လာမှုကိုကာကွယ်နိုင်ရေး မြေပေါ်ရေကို ဦးစားပေးသုံးစွဲပြီး အသေးစားဆိုလာ စိုက်ပျိုးရေရရှိရေးစနစ်များဖြင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုအဆင့်သို့ရောက်ရှိအောင် အဆင့်မြှင့်တင် ပံ့ပိုးပေးကြရန်လိုအပ်ပါသည်။

အလားတူ ကျေးလက်လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ကောင်းမွန်စေရေးကို အထူးအလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးသည် ကျေးလက်ဖွံ့ဖြိုးရေးအတွက် အလွန်အရေးကြီးလှပါသည်။ ရာသီမရွေးသွားလာနိုင်သော ကျေးလက်ကုန်ထုတ်လမ်းများနှင့် ကုန်ထုတ်တံတားများ၊ ဆက်စပ်ချိတ်ဆက်နေသော ရွာတွင်းလမ်းများကောင်းမွန်မှသာလျှင် ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများကို အလွယ်တကူရယူနိုင်မည်ဖြစ်ပြီး တောင်သူများ၏ ကုန်ထုတ်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

လျှပ်စစ်မီးရရှိရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အပါအဝင် ကျေးလက်မီးလင်းရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ လျှပ်စစ်မီးရရှိမှုသည် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းကို တိုက်ရိုက်မြင့်မားစေရုံသာမက ခေတ်မီကုန်ထုတ်လုပ်ငန်းများ တိုးချဲ့နိုင်ရေး မရှိမဖြစ်လိုအပ်ပါသည်။ ထို့ကြောင့် ဒေသနှင့်ကိုက်ညီသည့် သဘာဝစွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လျှပ်စစ်ရရှိရေး ကြိုးစားအကောင်အထည်ဖော်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့သည် ကျေးလက်ဖွံ့ဖြိုးရေးအတွက် အဓိက အရေးကြီးပါသည်။ ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်စေရေးတို့ကို ဟန်ချက်ညီညီ မြှင့်တင်သွားကြရမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာ ပညာတတ်လူသားအရင်းအမြစ်ပြည့်ဝရေးသည် အဓိကကျသဖြင့် ကလေးသူငယ်တိုင်း အနည်းဆုံး KG+9 အထိ မဖြစ်မနေ ပညာသင်ကြားနိုင်ရေးနှင့် သက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်ခွင့်ရရှိရေးဖန်တီးပေးကြရန်လိုအပ်ပါသည်။

**စာမျက်နှာ ၉ သို့ ●**

● စာမျက်နှာ ၈ မှအဆက်

စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် စက်မှုနှင့် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော်လည်း တက်ရောက်သင်ယူမှုနည်းပါးနေသေးသဖြင့် အသက်မွေးဝမ်းကျောင်းပညာများသင်ယူကြရေး နိုးဆော်တိုက်တွန်း ဆောင်ရွက်သွားကြရန်လည်းလိုအပ်ပါသည်။ ကျန်းမာရေးကဏ္ဍတွင် လည်း "အသက်ထက်အရေးကြီးတာ ဘာမှမရှိ" ဆိုသည့်အတိုင်း ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ပေးခြင်းသာမက ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပတ်ဝန်းကျင် ဖြစ်ပေါ်စေရေး တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ ပညာရေး၊ ကျန်းမာရေး စသည့် အခြေခံကဏ္ဍများ တိုးတက်လာသည်နှင့်အမျှ ဒေသခံပြည်သူများ၏ ဝင်ငွေ တိုးပွားရေးအတွက် ကုန်ထုတ်လုပ်ငန်းများ အားကောင်းလာစေရန်အတွက် **အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး**ကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ MSME များသည် နိုင်ငံတော်စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့်အတွက်မိရိုးဖလာလုပ်ငန်းများကို အဆင့်မြှင့်တင်ကာ ဒေသထွက် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ (Value-added products) ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးနှင့် MSME များအတွက် လိုအပ်သော ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ သွင်းအားစုများနှင့် ဈေးကွက်ချိတ်ဆက်ရေးတို့ကို နိုင်ငံတော်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကိုလည်း အမြဲမပြတ် ဖွင့်လှစ်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများက အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ကျေးလက်ဒေသများကိုအခြေခံပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သမဝါယမစနစ်နှင့် စုပေါင်းဆောင်ရွက်သည့် ကျေးလက်စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကို မလွဲမသွေ တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ပြည်သူပူးပေါင်းပါဝင်သည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူများကိုယ်တိုင် စီမံခန့်ခွဲသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံအနှံ့ ဖော်ဆောင်ပေးသွားကြရပါမည်။ ထိုကဲ့သို့ စီမံကိန်းများကို ပြည်သူများကိုယ်တိုင် ပါဝင်စဉ်းစား ကိုယ်တိုင်ဆုံးဖြတ်ပြီး ကိုယ်တိုင်အကောင်အထည်ဖော်စေခြင်းဖြင့်ပြည်သူများအကြား ပိုင်ရှင်စိတ်ဓာတ်(Ownership Mindset) ကို ဖြစ်ပေါ်စေပြီး ဖွံ့ဖြိုးရေးရလဒ်များကို ရေရှည်ခိုင်မြဲစေအောင် ထိန်းသိမ်းလုပ်ဆောင်သွားနိုင်ကြမည်ဖြစ်ပါသည်။

ထိုကဲ့သို့ ဘက်စုံကဏ္ဍစုံမှ ဟန်ချက်ညီညီ ဖော်ဆောင်သွားခြင်းဖြင့် ယခုနှစ် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ ဆောင်ပုဒ်ဖြစ်သော **"တက်ကြွ၍ သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့သော ကျေးလက် အသိုက်အဝန်း ဖော်ဆောင်ရေး"** ကို ဦးတည်လျှောက်လှမ်းနိုင်မည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရတစ်ရပ်တည်း၏ အင်အားဖြင့်သာ ဆောင်ရွက်၍ မရနိုင်သည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ နိုင်ငံတော် အစိုးရနှင့်အတူ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ကျေးလက်နေပြည်သူလူထုတစ်ရပ်လုံးက ညီညွတ်သော စုပေါင်းစွမ်းအားဖြင့် ဟန်ချက်ညီညီ လက်တွဲပူးပေါင်း ပါဝင်ကြမှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။

မိမိတို့အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရန် သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်သည့်အတိုင်း ကျေးလက်ဒေသများ ကုန်ထုတ်လုပ်မှု အားကောင်းလာပြီး အောင်မြင်တိုးတက်သည့် စီးပွားရေးဝန်းကျင် ဖြစ်လာစေရေး၊ ပြည်သူများ ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝ သာယာဝပြောလာစေရေးတို့ကို အားပေးကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့်အေးချမ်းတည်ငြိမ်ပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်သည့် ပျော်ရွှင်ချမ်းမြေ့သော လူ့အသိုက်အဝန်းကြီးအဖြစ်သို့ မလွဲမသွေ ရောက်ရှိစေရေး တည်ဆောက်သွားမည်ဖြစ်ကြောင်း ထပ်လောင်း ပြောကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် တိုင်းပြည်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့် ခံယူချက်နှင့်အညီ နိုင်ငံတော်၏ ကြွယ်ဝသည့် သယံဇာတများနှင့် လူသားအရင်းအမြစ်များကို စနစ်တကျ အသုံးချပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ယခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့တို့က နိုးဆော်တိုက်တွန်းသည့် ဆောင်ပုဒ်များနှင့်အညီ သမဝါယမစနစ် အောင်မြင်ရေး၊ ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်မှသည် မြို့ပြအထိ သန့်ရှင်း၊ စိမ်းလန်းပြီး ခေတ်မီသည့် မြို့ရွာများ ပေါ်ထွန်းလာစေရေးအတွက် တာဝန်ရှိသူအားလုံးနှင့် ပြည်သူလူထု တစ်ရပ်လုံးက အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ တက်တက်ကြွကြွ ဝိုင်းဝန်းလက်တွဲ တည်ဆောက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လျက် ဤသဝဏ်လွှာကို ပေးပို့လိုက်ရပါသည်။

**အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**





➤ စာမျက်နှာ ၁၀ မှအဆက်

"ကျွန်တော်ဒီကိုလာရောက်တက်ရောက်ရခြင်းကတော့ ကျွန်တော်ကိုယ်တိုင်ဆန္ဒပြုပြီးတော့ လာတာပေါ့နော်။ ဘာလို့လဲဆိုတော့ နိုင်ငံသားတိုင်းထမ်းဆောင်ရမယ့် နှစ်နှစ်တာ ပြီးသွားတဲ့အချိန်မှာဆိုလို့ရှိရင် ကိုယ်ပိုင်လုပ်ငန်းအခွင့်အလမ်းတွေပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးပေါ်များတယ်၊ သင်ကြားပေးတဲ့ ဘာသာရပ်တွေ အများကြီးထဲမှာမှ ကျွန်တော့်အနေနဲ့ကတော့ စစ်နည်းဗျူဟာဘာသာရပ်ကိုတော့ သဘောအကျဆုံးပါ။ ဘာလို့လဲဆိုတော့ ဒီစစ်နည်းဗျူဟာတွေနဲ့ ရန်သူတွေကို ကျွန်တော်တို့ ချေမှုန်းမယ်။ ပြီးတော့ ဒီနှစ်နှစ်တာ ကာလမှာ ဘယ်လိုအကောင်းဆုံး တာဝန်ထမ်းဆောင်ရမလဲဆိုတာကို ပိုပြီးတော့ နားလည်တတ်ကျွမ်းသွားတယ်လို့ ထင်ပါတယ်။ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၂၄) မှာ စံပြဆုကို ရရှိခဲ့ပါတယ်။ ဒီစံပြဆုကို ရအောင် အခက်အခဲတွေ အများကြီးရှိခဲ့တယ်။ ပြီးတော့ ကျွန်တော်ကြိုးစားမှုတွေ အများကြီးလုပ်ခဲ့ရတယ်။ နှစ်နှစ်တာပြီးသွားရင်လည်းပြန်လည်အသုံးချမယ့် ပညာတွေလည်း အများကြီး ရခဲ့ပါတယ်။ သင်တန်းကာလတစ်လျှောက်မှာ အခက်အခဲတွေကတော့ အများကြီး ကြုံခဲ့သလို သင်ခန်းစာတွေ အများကြီးရခဲ့တယ်။ အဲ့ဒီအပြင်အမှတ်တရတွေလည်းအများကြီး ရှိခဲ့ပါတယ်။ အဲ့ဒီအပြင်ကိုမှ ကိုယ့်အနေနဲ့ ဒီရဲဘော်ရဲဘက်စိတ်ကိုတော့ ဘယ်လိုမျိုးထားရမယ်။ ကိုယ့်ရဲ့ အပေါင်းအပါတွေ ကိုယ့်သူငယ်ချင်း အချင်းချင်းကို ဘယ်လိုမျိုးသစ္စာရှိရမယ် ဆိုတာနဲ့ပတ်သက်ပြီးတော့ ပိုပြီးတော့ သိရှိလာတယ်လို့ ထင်ပါတယ်။ အပြင်ကနေ ကြားခဲ့တဲ့စကားတွေလည်း အရမ်းကြီးတော့ စိတ်မပူပါနဲ့။ တကယ်တမ်း တက်ရောက်မယ့် ညီငယ်လေးတွေရှိခဲ့ရင်လည်း အစောကြီးတက်ရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟုပြောသည်။

"အတွေ့အကြုံတွေကတော့ အများကြီးပေါ့။ အမှတ်တရတွေလည်း အများကြီး ရှိခဲ့ပါတယ်။ ကျွန်တော်တို့ စစ်အခြေခံပညာရပ်ကို သင်ကြားတဲ့အခါမှာ အပြင်ဘဝကနေ စစ်သားဘဝကို ရောက်တဲ့အခါမှာအများကြီး ပြုပြင်ပြောင်းလဲရတာပေါ့။ စစ်သားဘဝမှာ ဆိုရင်တော့ အရာအားလုံး စည်းစနစ်နဲ့ သွားရတာကြောင့်မို့လို့ အရပ်ဘက်ဆိုင်ရာ နေထိုင်မှုတွေနဲ့တော့ အများကြီး ပြောင်းလဲသွားတယ်။ အမှတ်တရတွေကတော့ အများကြီးရှိခဲ့တယ်။ ကျွန်တော်တို့ စစ်အခြေခံသဘောတရားတွေ စစ်နည်းဗျူဟာတွေ လက်နက်နဲ့ပတ်သက်တဲ့ အရာတွေအားလုံးကို အများကြီးသိရှိခဲ့ရပါတယ်။ နည်းပြဆရာတွေကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန် တော်တို့ကို စည်းကမ်းပိုပြီး ရှိသွားတဲ့ လူတစ်ယောက်အဖြစ် မွေးထုတ်ပေးခဲ့တဲ့ အတွက်ကြောင့်မို့လို့ အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ သင်တန်းကာလ ပြီးဆုံးသွားတဲ့ အတွက်ကြောင့် မိမိတာဝန်ကျရာတပ်ကို သွားရမှာဖြစ်တဲ့အတွက်ကြောင့်မို့ နှစ်နှစ်ဆိုပေမယ့်လည်း ကျွန်တော် အမြဲတမ်းစစ်မှုထမ်းနိုင်အောင်လို့ ဆန္ဒပြုလျက်ရှိပါတယ်"ဟုပြောသည်။

(၁၀၀)

# အစိုးရဆိုင်ရာ ပုံနှိပ်လုပ်ငန်းများစီမံခန့်ခွဲမှု ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော် ဇူလိုင် ၃

အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင်ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက နိုင်ငံတော်ဘဏ္ဍာငွေအသုံးပြု၍ ဆောင်ရွက်ရသည့် စာအုပ်စာစောင်များပုံနှိပ်ခြင်းကို အစိုးရပိုင်ပုံနှိပ်စက်များတွင် စနစ်တကျ အပ်နှံလုပ်ဆောင်နိုင်ရေး၊ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာအလိုက်ကြီးကြပ်ကွပ်ကဲ၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ (၂) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးတို့က ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များက ဌာနရှိ ပုံနှိပ်စက်များ၏စွမ်းဆောင်နိုင်မှု၊ အရည်အသွေးမြင့်ပုံနှိပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ဆွေးနွေးတင်ပြကြပြီး ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်ဆွေးနွေးကာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# (၃-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃ ~ ၃၆၆၄.၁ | ၅၅၇ ~ ၅၅၇.၈ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၉,၂၉၂,၀၀၃.၄၈ | ၂,၆၆၈,၆၅၆.၀၀ | ၆၃,၀၀၅,၈၆၃.၇၁ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ ၊ စက်သုံးဆီ ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ တိရစ္ဆာန်အစာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၅၉ သန်းကို ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲများကျင်းပပြုလုပ်

နေပြည်တော် ဇူလိုင် ၃

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၄)၏ သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြရာ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများအသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့တက်ရောက်ကြသော တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းကျောင်းခန်းမများ၌ တွေ့ဆုံအမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသည့်အပြင် “နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်” ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ စာရင်းပေးသွင်းကြသည့် လူငယ်များအား ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုအခါ သင်တန်းအမှတ်စဉ်(၂၄)အထိ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ရာ နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို နိုင်ငံကြီးသားပီသစွာနှင့် ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ ထမ်းဆောင်နေကြပြီဖြစ်သည်။

ထိုသို့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄)တွင် တက်ရောက်ခဲ့ကြသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

စာမျက်နှာ ၉ သို့ ➤



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် သင်တန်းသားတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း ကျောင်းအုပ်ကြီးက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲအခမ်းအနားတွင် ဆုရသင်တန်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲကျင်းပစဉ်။




အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်း ကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



အရှေ့တောင် တိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်း ကျောင်း၌ ပြည်သူ့ စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုနိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ခင်မင်ရင်းနှီးပြီး စိတ်ချရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်သည့်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ဆွန်ဆိုင် စီဖန်ဒွန်က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ဆွန်ဆိုင် စီဖန်ဒွန်တို့ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဇူလိုင် ၃

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဆွန်ဆိုင် စီဖန်ဒွန်နှင့် ဝန်ကြီးချုပ်ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည်လာအိုဝန်ကြီးချုပ်ရုံးသို့ရောက်ရှိကြရာ လာအိုနိုင်ငံဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများကရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်အစည်းအဝေးခန်းမ၌တွေ့ဆုံဆွေးနွေးကြရာတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ရှည်ကြာသည့်သံတမန်ဆက်ဆံမှုများရှိခဲ့ပြီး သံတမန်ဆက်ဆံရေး၊ စစ်ဘက်ဆက်ဆံရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဆက်ဆံရေးစသည့် ဆက်ဆံရေး ၃ မျိုးရှိပြီး အာဆီယံအဖွဲ့အတွင်း၌ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သည် CLMV အဖွဲ့၊ မဟာမဲခေါင်ဒေသခွဲအဖွဲ့၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာအဖွဲ့တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံများဖြစ်ကြကာ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ။

မြန်မာ-လာအိုနှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံ၊ မိတ်ဆွေနိုင်ငံ၊ ညီအစ်ကိုနိုင်ငံများဖြစ်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး မြန်မာ-လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးကျင်းပပြုလုပ်မည့်အခြေအနေများ၊ မြန်မာ-လာအိုချစ်ကြည်ရေးတံတားမှတစ်ဆင့် နယ်စပ်ဒေသကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဖြတ်ကျော်ကုန်စည်ကူးသန်းရောင်းဝယ်ပို့ဆောင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်မှုနှင့် ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ မြို့တော်နေပြည်တော်နှင့် လာအိုနိုင်ငံ၏မြို့တော် ဗီယင်ကျန်းမြို့တို့အကြား ညီအစ်မမြို့တော်ဆက်ဆံရေးထူထောင်သွားမည့်အခြေအနေများ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြားလျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဲခေါင်မြစ်ကြောင်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများ။

မြန်မာ- ထိုင်း-လာအို (၃) နိုင်ငံ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့လျှော့ချရေးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးနှင့် အွန်လိုင်းငွေကြေးလိမ်လည်လောင်းကစားမှုများပပျောက်စေရေးပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းလျက်ရှိမှု၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရမှကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လာအိုနိုင်ငံအစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ခင်မင်ရင်းနှီးပြီး စိတ်ချရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်သည့်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် လာအိုဝန်ကြီးချုပ်ရုံးမှ ပြန်လည်ထွက်ခွာရာ လာအိုနိုင်ငံဝန်ကြီးချုပ်က ခင်မင်ရင်းနှီးစွာဖြင့်လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

---

# ဖလမ်းမြို့မှဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ဇူလိုင်လ ၁ ရက်က ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ သင်းအုပ်ဆရာသိက္ခာတော်ရဆရာတော်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖလမ်းမြို့အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး BURMAR Cafe ထုပ်များ လက်ဆောင်ပေးအပ်သည်။

ဖလမ်းမြို့နယ်တွင် ကျောင်းပေါင်း ၁၀၈ ကျောင်းဖွင့်လှစ်နိုင်ပြီဖြစ်ပြီး သင်ကြားရေးဆရာ၊ ဆရာမ ၂၇၃ ဦးဖြင့် အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၁၄၇၇ ဦးတို့ကို ပညာသင်ကြားပေးလျက်ရှိသည်။ ယနေ့အထိ တီးတိန်မြို့နယ်ရှိကျောင်းပေါင်း ၁၀၉ ကျောင်းတွင် သင်ကြားရေး ဆရာ၊ ဆရာမ ၆၈၅ ဦးဖြင့် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူ ၁၂၁၅၇ ဦး၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ကျောင်းသား(၆၄)ဦး၊ စုစုပေါင်း ၁၂၂၂၁ ဦးတို့ကိုလည်းကောင်း၊ တွန်းဇံမြို့နယ်ရှိ ကျောင်းပေါင်း ၅၅ ကျောင်းတွင် သင်ကြားရေး ဆရာ၊ ဆရာမ ၂၇၆ ဦးဖြင့် အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၃၉၁၈ ဦးတို့ကိုလည်းကောင်း ပညာသင်ကြားပေးနေပြီဖြစ်သည်။

ဆက်လက်၍ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် လမင်းစီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖလမ်းမြို့တွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ သင်းအုပ်ဆရာ သိက္ခာတော်ရဆရာတော်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တင်ပြချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ BURMAR Cafe ထုပ်များ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။ မြဝတီ

# ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် Video Massage ဖြင့် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၃

၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကဦးဆောင်၍ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(၁)၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ဇနီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး၊ တပ်မတော်မှအရာရှိကြီးများ၏ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ဇနီးများ၊ ဒုတိယဝန်ကြီးနှင့်အဆင့်တူ အမျိုးသမီးပုဂ္ဂိုလ်များ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ အမျိုးသမီးအဖွဲ့များ၏ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကဏ္ဍအလိုက်ထူးချွန်ဆုရရှိကြသူများ တက်ရောက်ကြသည်။

ဦးစွာ တေးသံရှင်မေဂျွန်နှင့် မြနန္ဒာတို့က "မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ"သီချင်းဖြင့်သီဆိုဖျော်ဖြေသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က Video Massage ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။ **(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေးမြှင့်တင်ဖော်ဆောင်မှုနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှု တားဆီးကာကွယ်ရေးဆိုင်ရာဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတည်ထောင်ခဲ့သည့် နှစ်(၃၀)ပြည့်အတွင်း အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှု Video Clip ကို ပြသသည်။

ထို့နောက် ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးများအား ဆုချီးမြှင့်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(၁)၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေးက နိုင်ငံ့ဂုဏ်ဆောင်ဆုရ မြန်မာနိုင်ငံ Esports အားကစားအဖွဲ့ချုပ်ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်နန်းလိုင်းခမ်းနှင့် ဒေါ်နန်းခမ်းနောင့်တို့ကိုလည်းကောင်း၊ စစ်ရေးပြအကောင်းဆုံးဆုရ ဒုတိယဗိုလ် ဒေါ်ယဉ်မင်းသန့်၊ ရေကြောင်းပညာစာပေထူးချွန်ဆုရ ဗိုလ်ဒေါ်ချစ်မေဇင်၊ ချီးကျူးဂုဏ်ပြုဆုရ ဗိုလ်ကြီးထက်ဝတ်ရည်စိုးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေးက ထူးချွန်အမျိုးသမီးရဲမေဆုရ ရဲအုပ်မြင့်မြတ်သူ၊ ကြက်ခြေနီထူးချွန်ဆုရ ခရိုင်တပ်ဖွဲ့မှူး ဒေါ်ထက်အိဝေနှင့် မသန်စွမ်းအမျိုးသမီးအားကစားထူးချွန်ဆုရရှိသူ မနန်းစန်းရတနာထွန်းတို့ကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများနှင့် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က စီးပွားရေးစွမ်းဆောင်ရှင်ဆုရရှိကြသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တေးသံရှင် ဟန်ထူးဈာန်နှင့် နွေးနွေးချစ်ဖွယ်တို့က "ကမ္ဘာတည်သရွေ့" တေးသီချင်းဖြင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့်အတူ သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဂုဏ်ထူးဆောင်နာယကများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့်အမျိုးသမီးရေးရာဝန်ကြီးဌာန၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများနှင့် အမျိုးသမီးအသင်းအဖွဲ့အစည်းများမှ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မြဝတီ

---

◆ **ကျောဖုံးမှအဆက်**

ဇူလိုင်လ ၄ ရက်မှ ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့်ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့်ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

---

# ရန်ကုန်မြို့ အရိုးရောဂါအထူးကုဆေးရုံကြီး၌ ခါးရိုးကောက်လူနာများအား ပြန်လည်တည့်မတ်ခွဲစိတ်ကုသပေး



ရန်ကုန် ဇူလိုင် ၃

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ခုတင်-၃၀၀ ဆံ့ ရန်ကုန်မြို့ အရိုးရောဂါအထူးကုဆေးရုံကြီး ကျောရိုးပိုင်းဆိုင်ရာခွဲစိတ်ကုသဆောင်၌ ဆွစ်ဇာလန်နိုင်ငံ Swiss Spine Foundation မှ ကျောရိုးခွဲစိတ်ဆရာဝန်ကြီး ပါမောက္ခဒေါက်တာကံမင်းသည် ရန်ကုန်မြို့ အရိုးရောဂါအထူးကုဆေးရုံကြီးမှ ကျောရိုးခွဲစိတ်ဆရာဝန်များဖြစ်ကြသော ပါမောက္ခ/ဌာနမှူး ဒေါက်တာဇော်မင်းဟန်၊ ပါမောက္ခဒေါက်တာသိန်းအောင်ကျော်၊ အထူးကုဆရာဝန်ကြီး ဒေါက်တာရှိန်မြင့်ဟန်၊ အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်လင်းလင်းတို့နှင့်ပူးပေါင်းကာ ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၃ ရက်အထိ မွေးရာပါခါးရိုးကောက်သောလူနာ ၁၄ ဦးကို ပြန်လည်တည့်မတ်ကုသခြင်းကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

အဆိုပါ ခါးရိုးကောက်သောရောဂါကုသခြင်းများကို ရန်ကုန်မြို့ အရိုးရောဂါအထူးကုဆေးရုံကြီး၏ ကျောရိုးပိုင်းဆိုင်ရာခွဲစိတ်ကုသဆောင်မှ ဆရာဝန်ကြီးများကိုယ်တိုင်သော်လည်းကောင်း၊ နိုင်ငံခြားမှ ကျွမ်းကျင်သော ကျောရိုးခွဲစိတ်အထူးကုဆရာဝန်များအား ဖိတ်ခေါ်၍သော်လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ၂၀၀၅ ခုနှစ်မှစ၍ ယနေ့အထိ ခါးရိုးကောက်လူနာ ၂၃၀ ကျော်ကို အောင်မြင်စွာကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ အရိုးရောဂါအထူးကုဆေးရုံကြီး ကျောရိုးခွဲစိတ်ကုသဌာနတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကျောရိုး၊ လည်ပင်းအရိုး၊ ခါးရိုးနှင့်သက်ဆိုင်သော လူနာများ လာရောက်ပြသလျက်ရှိသည်။ ရန်ကုန်အရိုးရောဂါအထူးကုဆေးရုံကြီး ပြင်ပလူနာဌာနကို တစ်ပတ်လျှင် သုံးရက် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တို့တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ကုသပေးလျက်ရှိပြီး တစ်နေ့လျှင် လူနာ ၁၄၀ ခန့် ကြည့်ရှုကုသပေးလျက်ရှိကာ ခွဲစိတ်ကုသရန်လိုအပ်သောလူနာများကို ကျောရိုးခွဲစိတ်ကုသဌာနတွင် ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကြီး**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုဆောင်းပါး

# “ကမ္ဘာမြေငြိမ်းချမ်းဖို့ သမဝါယမများက ဝန်းရံစို့”

ခန့်ဇော်(ကျေးလက်)




**✳ သမဝါယမဟာ လူမှုအသိုင်းအဝိုင်းအတွင်း ယုံကြည်မှုနဲ့စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးနိုင်သလို မတူကွဲပြားသော လူအုပ်စုတွေအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်ပါတယ်။ အစုအဖွဲ့စနစ်နဲ့ စုပေါင်းဆောင်ရွက်ခြင်းမှသည် ညီညွတ်ခြင်း၊ ပေါင်းစုလုပ်ဆောင်ခြင်း၊ ညှိနှိုင်းဆုံးဖြတ်လုပ်ဆောင်ခြင်း စတဲ့အလေ့အထကောင်းတွေရရှိစေတာကြောင့် ငြိမ်းချမ်းရေး၊ လူမှုတရားမျှတမှုနဲ့ စီးပွားရေးတည်ငြိမ်မှုတို့ကိုပါ အထောက်အကူပြုစေပြီး ဒေသခံအသိုင်းအဝိုင်းတွေရဲ့ ခံနိုင်ရည်စွမ်းအားကောင်းသော ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေ . . .**

သမဝါယမဆိုတာဟာ မိမိတို့ရဲ့ စီးပွားရေး၊ လူမှုရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ရန် လူအများ ပူးပေါင်းတည်ထောင်ပြီး အဖွဲ့ဝင်များကိုယ်တိုင် စီမံခန့်ခွဲဆောင်ရွက်နိုင်သော၊ အမြတ်အစွန်းထက် အဖွဲ့ဝင်တွေရဲ့ အကျိုးစီးပွားကို ဦးစားပေးတဲ့ စီးပွားရေး/ လူမှုရေးအဖွဲ့အစည်းတွေပဲ ဖြစ်ပါတယ်။ သမဝါယမဟာ လူမှုအသိုင်းအဝိုင်းအတွင်း ယုံကြည်မှုနဲ့ စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးနိုင်သလို မတူကွဲပြားသော လူအုပ်စုတွေအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်ပါတယ်။ အစုအဖွဲ့စနစ်နဲ့ စုပေါင်းဆောင်ရွက်ခြင်းမှသည် ညီညွတ်ခြင်း၊ ပေါင်းစုလုပ်ဆောင်ခြင်း၊ ညှိနှိုင်းဆုံးဖြတ်လုပ်ဆောင်ခြင်း စတဲ့အလေ့အထကောင်းတွေရရှိစေတာကြောင့် ငြိမ်းချမ်းရေး၊ လူမှုတရားမျှတမှုနဲ့ စီးပွားရေးတည်ငြိမ်မှုတို့ကိုပါ အထောက်အကူပြုစေပြီး ဒေသခံအသိုင်းအဝိုင်းတွေရဲ့ ခံနိုင်ရည်စွမ်းအားကောင်းတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေပါတယ်။

ထို့ကြောင့်ကမ္ဘာတစ်ဝန်းတွင်သမဝါယမလုပ်ငန်းတွေရဲ့အရေးပါမှုကို အသိအမှတ်ပြုတဲ့အနေနဲ့ နှစ်စဉ် ဇူလိုင်လရဲ့ ပထမဆုံးသော စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် သတ်မှတ်ကျင်းပလျက်ရှိပါတယ်။ ၂၀၂၆ ခုနှစ်မှာတော့ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဟာ ဇူလိုင်လ ၄ ရက်နေ့မှာကျရောက်ပြီး (၁၀၄) နှစ် ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ယခုနှစ်ရဲ့ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဆောင်ပုဒ်ကတော့ **“ကမ္ဘာမြေငြိမ်းချမ်းဖို့ သမဝါယမများက ဝန်းရံစို့” (Cooperatives for a peaceful world)** ဖြစ်ပြီး ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းအသိုက်အဝန်းများ ဖော်ဆောင်နိုင်ရေးတွင် သမဝါယမလုပ်ငန်းတွေရဲ့အထောက်အကူပြုနိုင်မှုကို အလေးပေးဖော်ပြထားရှိခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် နိုင်ငံ့စားနပ်ရိက္ခာဖူလုံရေးနဲ့ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရရှိစေရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဟာ အဓိကကျပြီး တောင်သူတွေဟာ ဒီကဏ္ဍရဲ့အခြေခံအကျဆုံး ကြိုးပမ်းအားထုတ်ပေးနေသူများဖြစ်ပါတယ်၊ တောင်သူတစ်ဦးချင်းစီအတွက် ငွေကြေး၊ အရင်းအနှီး၊ ခေတ်မီနည်းပညာ၊ အရည်အသွေးပြည့်မီသော မျိုးစေ့နဲ့ သွင်းအားစုတွေကို အချိန်မီရရှိရေးဟာ အဓိကကျပြီး ဦးစားပေးဖြစ်ပါတယ်။ တစ်ဦးချင်းအဆင့်မှာ လက်လှမ်းမီနိုင်မှု အကန့်အသတ်တွေ ရှိတာကြောင့် သမဝါယမအစုအဖွဲ့ စနစ်ကဲ့သို့သော စုပေါင်းဆောင်ရွက်မှုများဖြင့်သာ ထိရောက်စွာ ဖြေရှင်းကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသည် ထမင်းကို အဓိကစားသောနိုင်ငံဖြစ်ပြီး ဆန်စပါးကို အဓိကစိုက်ပျိုးသော နိုင်ငံဖြစ်သဖြင့် စပါးကို ကျေးလက်နေတောင်သူများက စိုက်ပျိုးကြခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် တောင်သူဦးကြီးတွေဟာ တိုင်းပြည်ရဲ့ကျေးဇူးရှင်တွေဖြစ်ပြီး တောင်သူများ စားဝတ်နေရေး ပြေလည်အဆင်ပြေမှ၊ စိုက်ပျိုးနိုင်မှ နိုင်ငံသားအားလုံး စားဝတ်နေရေး အဆင်ပြေမှာဖြစ်တဲ့အပြင် နိုင်ငံ့စီးပွားရေးလည်း အဆင်ပြေမှာဖြစ်ပါတယ်။

**ကုန်ထုတ်လုပ်မှုစွမ်းအားဖြင့် ဈေးကွက်တည်ငြိမ်မှု**

တောင်သူများ အဆင်ပြေပြီး ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးလုပ်ငန်းဖြစ်စေဖို့ ကုန်ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ရန် မရှိမဖြစ်လိုအပ်ပါတယ်။ ထုတ်လုပ်မှုစရိတ်သက်သာဖို့/ လျှော့ချနိုင်ဖို့၊ ဈေးနှုန်းတည်ငြိမ်ဖို့နဲ့ ပန်းတိုင်အထွက်နှုန်းရရှိဖို့ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ပန်းတိုင်အထွက်နှုန်းပြည့်မီမှ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်လာမှာဖြစ်ပြီး ကုန်ထုတ်လုပ်မှု တိုးမြှင့်လာစေဖို့ နည်းပညာနဲ့ ငွေကြေးအရင်းအနှီး ပံ့ပိုးပေးမှုတွေလိုအပ်မှာဖြစ်ပါတယ်။ နည်းပညာတွေ စဉ်ဆက်မပြတ်ပေးနိုင်အောင်၊ စက်ယန္တရားတွေ လုံလုံလောက်လောက်သုံးလာနိုင်အောင် လုပ်ပေးရမှာဖြစ်ပါတယ်။ တစ်ဦးချင်းစီဆောင်ရွက်ခြင်းထက် သမဝါယမစနစ်နဲ့ စုပေါင်းလုပ်ဆောင်မှသာ လွယ်ကူမြန်ဆန်ထိရောက်မှာဖြစ်ပါတယ်။

**သမဝါယမစနစ်နဲ့ အစုအဖွဲ့စနစ်ရဲ့ အရေးပါမှု**

သမဝါယမစနစ်ဆိုတာကတော့ ရှေ့မှာပြောခဲ့သလိုပဲ လူအများရဲ့အကျိုးစီးပွားကို စိတ်တူကိုယ်တူ ပူးပေါင်းလုပ်ဆောင်ပြီး တိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်၊ တကယ့်လုံးလုံးလျားလျား Business ကြီးတစ်ခုအနေနဲ့ စီးပွားရေးဆန်ဆန်မဟုတ်ဘဲ အများအတွက်ရှေးရှုပြီး Social Economic ဆောင်ရွက်တာမျိုးဖြစ်ပါတယ်၊ အများအတွက် စုပေါင်းလုပ်ကိုင်ရာမှ တစ်ဆင့် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစေပြီး အကျိုးအမြတ်ရအောင် လုပ်ကိုင်တဲ့ပုံစံဖြစ်ပါတယ်။ အစုအဖွဲ့စနစ်ကလည်း တောင်သူတွေ၊ စိုက်ပျိုးရေးသမားတွေ၊ မွေးမြူရေးသမားတွေ၊ အသေးစား လုပ်ငန်းရှင်တွေပူးပေါင်းပြီးတော့ ထုတ်လုပ်မှုကဏ္ဍမှတစ်ဆင့် ဈေးကွက်၊ ငွေကြေးကဏ္ဍတွေရောက်တဲ့အထိ ပူးပေါင်းစီမံဆောင်ရွက်ကြခြင်းမျိုးဖြစ်ပါတယ်။

မြန်ဆန်သိသာတဲ့အကျိုးရရှိမှုကတော့ စရိတ်တွေ လျှော့ချနိုင်တာဖြစ်ပါတယ်။ ဥပမာ– တစ်ယောက်စာအတွက်သီးသန့်ကို ဆန်တစ်ဘူးချက်ရပေမယ့် မိသားစုငါးယောက်စာ ပေါင်းချက်တဲ့အခါ ဆန်လေးဘူး သို့မဟုတ် သုံးဘူးခန့်နဲ့ လုံလောက်သလိုမျိုးပါပဲဟု ပြည်ထောင်စုဝန်ကြီးက တောင်သူတွေကို နားလည်လွယ်အောင် ရှင်းပြလေ့ရှိပါတယ်၊ အလေအလွင့်နည်းပြီး အချိန်ကုန် သက်သာစေပါတယ်။ ဒါ့ကြောင့် စုပေါင်းလုပ်ဆောင်ရင် ကုန်ကျစရိတ် လျှော့ချနိုင်မယ်၊ ဈေးကွက်ကို တိုးချဲ့ချိတ်ဆက်နိုင်မယ်၊ နည်းပညာတွေလည်း အစုအဖွဲ့နဲ့မျှဝေနိုင်မယ်၊ အစိုးရဌာနတွေ၊ နည်းပညာမျှဝေပေးတဲ့သူတွေအနေနဲ့လည်း အစုအဖွဲ့တွေရှိတဲ့နေရာမှာ မျှဝေပေးမှသာ ကုန်ကျစရိတ်လည်းသက်သာပြီး ထိရောက်မှုပိုရှိမှာဖြစ်ပါတယ်။

မျိုးနဲ့သွင်းအားစုဓာတ်မြေဩဇာတွေကို ဝယ်ယူတဲ့အခါ အသင်းတွေကနေတစ်ဆင့် ချိတ်ဆက်ပြီးတော့ သတ်မှတ်နေရာတွေကို စုပေါင်းပို့ဆောင်ပေးပြီး အဲ့ဒီကနေ တစ်ဆင့် ခွဲဝေယူကြမယ်။ မျိုးစေ့တွေ၊ ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ၊ စက်သုံးဆီတွေကိုစုပေါင်းဝယ်ယူတဲ့အတွက် သယ်ယူစရိတ်တွေ လျှော့ချလာနိုင်မယ်၊ တစ်ဦးချင်းဝယ်ရင် ဈေးကြီးပြီး အစုအဖွဲ့နဲ့ ဝယ်တဲ့အခါလက်ကားဝယ်ယူနိုင်တဲ့အတွက် ဈေးနှုန်းပိုမိုသက်သာသွားပါမယ်၊ ဒါ့ကြောင့် အစုအဖွဲ့နဲ့ လုပ်တဲ့အခါမှာ နိုင်ငံတော်က မျှဝေပေးတဲ့ နည်းပညာတွေကို ပိုမိုရရှိနိုင်မယ်၊ ဈေးကွက်တည်ငြိမ်မှုရှိလာပြီး နည်းပညာမျှဝေခြင်းကိစ္စတွေမှာ ပိုမိုအဆင်ပြေလာမယ်၊ ငွေကြေးပံ့ပိုးမှုရရှိမှုတွေမှာ ပိုမိုလွယ်ကူအဆင်ပြေလာပါမယ်။

**စုပေါင်းစက်ယန္တရား အသုံးပြုမှု**

တောင်သူတွေအနေနဲ့ တစ်ဦးတစ်ယောက်ချင်းစီက ပိုင်ဆိုင်တဲ့ လယ် ၂ဧကခန့်ကို စက်ငှားပြီး ထွန်ယက်ရမယ်ဆိုရင် အဲဒီထွန်စက်တွေ၊ ရိတ်သိမ်းခြွေလှေ့စက်တွေ မိမိလယ်ထဲသို့ ရောက်ရှိအသုံးပြုနိုင်ဖို့ သယ်ယူစရိတ် စက်ငှားခတွေ အများကြီးကျသင့်ပါလိမ့်မယ်။ အဲ့ဒီအတွက်ကြောင့် တစ်ဦးတည်းကမဟုတ်ဘဲ အနီးအနားမှာရှိတဲ့ တစ်ဆက်တစ်စပ်တည်း လယ်ယာတွေက စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်တူညီမယ်ဆိုရင် စက်တွေရောက်ရှိတဲ့အချိန်မှာ တစ်ပြိုင်နက်တည်း ထွန်မယ်၊ ရိတ်သိမ်းနိုင်မယ်ဆိုရင် သယ်ယူစရိတ်တွေ သက်သာပါလိမ့်မယ်။

စက်ကိရိယာပိုင်ဆိုင်ဖို့အတွက်မှာလည်း ဈေးနှုန်းကြီးမြင့်တာကြောင့် တစ်ဦးချင်း ပိုင်ဆိုင်ကြဖို့ ခက်ခဲပါတယ်။ တစ်ဦးချင်း မဝယ်နိုင်ပေမဲ့ အသင်းမှာပါဝင်တဲ့ လူ ၁၀ ဦး၊ ၂၀ ဦးက ပိုင်ဆိုင်တဲ့လယ်ဧက ၁၀၀ အတွက် လိုအပ်တဲ့စက်တွေကို အစုအဖွဲ့အလိုက်စုစည်းပြီး ဝယ်မယ်ဆိုရင် ဝယ်နိုင်မှာဖြစ်ပါတယ်။ စုပေါင်းဝယ်ယူမယ်၊ ထိန်းသိမ်းမယ်၊ ပြင်ဖို့ထိန်းဖို့ တာဝန်ပေးတဲ့အခါမှာ တကယ်တတ်ကျွမ်းပြီးလုပ်နိုင်တဲ့သူကို ရွေးချယ်တာဝန်ပေးမယ်ဆိုလို့ရှိရင် ကုန်ကျစရိတ်သက်သာအောင် လုပ်နိုင်ပါလိမ့်မယ်။ သမအသင်းအဖွဲ့ပိုင်၊ အစုအဖွဲ့ပိုင်ယန္တရားများ ထားရှိနိုင်ပြီး ကျေးရွာမှာ စုပေါင်းစက်ယန္တရားစင်တာတွေ ထူထောင်နိုင်တာတွေ လုပ်လာနိုင်မယ်ဆိုရင် ကုန်ထုတ်လုပ်မှုတွေ တိုးတက်လာပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေ မြန်ဆန်လာမှာဖြစ်ပါတယ်။ အလုပ်သမားငှားရမ်းခကုန်ကျစရိတ်လည်း လျှော့ချလာနိုင်ပြီး စက်သုံးဆီစရိတ်တွေလည်း သက်သာလာမှာဖြစ်ပါတယ်။

**သီးနှံဈေးကွက်နဲ့ တန်ဖိုးမြှင့်ထုတ်လုပ်မှု**

လက်ရှိမှာ တောင်သူတွေဟာ စိုက်ပျိုးသီးနှံတွေကို ကုန်ကြမ်းအနေနဲ့သာ ထုတ်လုပ်ရောင်းချနိုင်ပြီး ကုန်ကြမ်းကိုလည်း သိုလှောင်နိုင်မှုမရှိတာ တွေ့ရပါတယ်။ တောင်သူတွေအနေနဲ့ တစ်ဦးတစ်ယောက်တည်းဆိုရင် သိုလှောင်ရုံတွေ၊ အအေးခန်းတွေ၊ အခြောက်ခံစက်တွေ လုပ်နိုင်ဖို့ ခက်ခဲမှာဖြစ်သလို ထုတ်လုပ်မှုမှာ တန်ဖိုးမြှင့်ထုတ်ကုန် (Value Added)ကို သွားနိုင်ဖို့ ခက်ပါလိမ့်မယ်။

အဲ့လိုအနေအထားမှာ သိုလှောင်ရုံအကြီးစားတွေမဟုတ်ဘဲ အစုအဖွဲ့စနစ်နဲ့ သီးနှံသိုလှောင်ရုံလေးတွေ၊ လျှပ်စစ်မီးရတဲ့နေရာတွေမှာ အအေးခန်း၊ အခြောက်ခံစက်တွေ လုပ်ပေးတာမျိုးကို သမဝါယမစနစ်အနေနဲ့စုပေါင်းပြီး အကောင်းဆုံးဖြစ်အောင် လုပ်ပေးနိုင်ပါတယ်။ ဥပမာဆိုရင် ဆန်စက်လုပ်ငန်းရှင်တွေနဲ့ပေါင်းပြီး စပါးကို သိုလှောင်ရုံတွေမှာ ဘယ်လိုထားမလဲ၊ သိုလှောင်ခတွေ ဘယ်လိုပေးမလဲ၊ စပါးဈေးအတက်အကျပေါ်မူတည်ပြီး သိုလှောင်သိမ်းဆည်းရောင်းချတာတွေ ဘယ်လိုလုပ်မလဲဆိုတာမျိုး ပေါင်းစပ်စီစဉ်လို့ရသွားပါမယ်။ ဆီထွက်သီးနှံဆိုလည်း အလားတူပဲ ဆောင်ရွက်လို့ရပါမယ်။ သစ်သီးတွေကို အခြောက်ခံပြီး အသီးခြောက်အနေနဲ့ Value Added အဖြစ် ထုတ်လုပ်ဖြန့်ဖြူးတာတွေကို သမဝါယမစနစ်၊ အစုအဖွဲ့စနစ်နဲ့ လုပ်နိုင်လာပါမယ်။

ဌာနဆိုင်ရာတွေအနေနဲ့က Value Addedဖြစ်ဖို့ နည်းပညာသင်ကြားပေးတာ၊ ဈေးကွက်ချိတ်ဆက်တာတွေ ဆောင်ရွက်ပေးလို့ရပါတယ်။ တိုက်ရိုက်ဝယ်ယူလိုတဲ့အခါ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့တွေနဲ့ ချိတ်ဆက်ပေးတာ၊ Supplierတွေနဲ့ ချိတ်ဆက်ပေးတာ၊ ထုတ်ကုန်တွေအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွေမှာ သတ်မှတ်ထားတဲ့ မှတ်ပုံတင် Register လုပ်ပေးတာတွေ လုပ်ပေးပါမယ်၊ ထုတ်ကုန်တွေရဲ့ အမှတ်တံဆိပ်တွေနဲ့ ထုတ်ပိုးမှုဒီဇိုင်းတွေ ဖန်တီးလုပ်ကိုင်ပေးမယ်ဆိုရင် အစုအဖွဲ့တွေအနေနဲ့ ဈေးကွက်ဝင်ရောက်ရှိနိုင်လာမှာ ဖြစ်ပါတယ်။

**ငွေကြေးအရင်းအနှီးနှင့် သမဝါယမဘဏ္ဍာရေးစနစ်**

ပြင်ပမှာ တောင်သူတွေက တစ်ဦးချင်းချေးငွေရယူတဲ့အခါ အတိုးနှုန်းမြင့်မားတာကို ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ အတိုးနှုန်းများနေတဲ့အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်လည်း မြင့်မားနေဦးမှာဖြစ်ပါတယ်။ ကျေးရွာတွေမှာ ငွေကြေးအရင်းအနှီးစနစ်တွေလိုအပ်နေပါတယ်။ ဒါကိုတော့ နိုင်ငံတော်အစိုးရအနေနဲ့ တော်တော်များများလုပ်ပေးထားနိုင်ပါတယ်။ နိုင်ငံတော်က နိုင်ငံ့စီးပွားမြင့်မားရေးစီမံချက်နဲ့ အတိုးနှုန်းသက်သာစွာ သီးနှံပေါ်ပေးစနစ် ဆောင်ရွက်ပေးနေပါတယ်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ကနေ သက်သာတဲ့အတိုးနှုန်းနဲ့ ချေးပေးပါတယ်။ **စာမျက်နှာ ၁၄ သို့ ⊃**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံတိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင် ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ(အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မပြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

---

⊃ စာမျက်နှာ ၁၃ မှအဆက်

သမအသင်းတွေကနေ သမဝါယမချေးငွေပေးတာရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကနေ မြစိမ်းရောင်လည်ပတ်ရန်ပုံငွေထူထောင်ပေးတာရှိပါတယ်။ အတိုးနှုန်း အလွန်သက်သာပြီး ငါးမူးကနေ တစ်ကျပ်ခွဲအတွင်းပဲ ရှိပါတယ်။

အလားတူပဲ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း (Rural Business Fund Project)ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။ အစုအဖွဲ့စနစ်နဲ့ဆောင်ရွက်ရတာဖြစ်ပြီး အစုအဖွဲ့က ၂၅ ရာခိုင်နှုန်း၊ နိုင်ငံတော်အနေနဲ့ RBF စီမံကိန်းရန်ပုံငွေ ၇၅ ရာခိုင်နှုန်း ပူးပေါင်းထည့်ဝင်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ စုပေါင်းလုပ်ကိုင်ကြတာဖြစ်လို့ သမဝါယမစနစ် စစ်စစ်ဖြစ်ပါတယ်။ သမဝါယမဦးစီးဌာနအနေနဲ့ သက်တန့်ရောင်စီမံကိန်းဖြင့် မတည်ရန်ပုံငွေထူထောင်ပေးပြီး စိုက်ပျိုးရေးအစုအဖွဲ့၊ မွေးမြူရေးအစုအဖွဲ့တွေထူထောင်ကာ စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

**နည်းပညာနဲ့ အသိပညာဖြန့်ဝေမှု၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု**

ကုန်ထုတ်လုပ်မှုတိုးမြင့်စေဖို့ နည်းပညာကဏ္ဍကလည်း အရေးကြီးပါတယ်။ တစ်ဦးချင်းကို ပညာပေး၍ မထိရောက်နိုင်လို့ သမဝါယမအသင်းများ၊ အစုအဖွဲ့များကိုစုပေါင်းပညာပေးတာကပိုထိရောက်စေပါတယ်၊ ဒစ်ဂျစ်တယ်နည်းပညာအသုံးချ၍ ဖုန်းကနေတစ်ဆင့် စိုက်ပျိုးမွေးမြူရေး အသိပညာဖြန့်ဝေပေးတာ၊ သီးနှံတွေ စိုက်ပျိုးထုတ်လုပ်ပြီးချိန်မှာ ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးရတာတွေ၊ ထုတ်လုပ်မှု လျော့ကျတာတွေမဖြစ်ရလေအောင် အရေးကြီးတဲ့ ရာသီဥတုအခြေအနေကို တာဝန်ရှိတဲ့အစိုးရဌာနဆိုင်ရာတွေအနေနဲ့ ကြိုတင်အသိပေးတာ၊ သမဝါယမအစုအဖွဲ့ ခေါင်းဆောင်တွေ၊ ကျေးရွာခေါင်းဆောင်တွေကနေတစ်ဆင့် Viberတွေ၊ Application တွေမှာ ကွန်ရက်ချိတ်ဆက်ထားပြီးကြိုတင်သတိပေးတာတွေ၊အရေးကြီးတဲ့ ဈေးကွက်သတင်းမျှဝေပေးခြင်းတွေ တိုးချဲ့ဆောင်ရွက်ကြရပါမယ်။ ပြည်သူတွေကလည်း အမြဲနားစွင့်ထားဖို့ လိုအပ်ပါတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်တွေအနေနဲ့လည်း သီးနှံမျိုးနဲ့ သွင်းအားစုတွေရောင်းတဲ့အခါမှာ ဒီအတိုင်းရောင်းတာမျိုး မဟုတ်ဘဲ နည်းပညာတွေ ပူးပေါင်းဖြန့်ဝေပေးတာ လုပ်ရမှာဖြစ်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်တာဟာ သမဝါယမစနစ်ပဲဖြစ်ပါတယ်။

**အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု**

အစုအဖွဲ့ရဲ့ သဘောတရားဆိုတာ အိမ်တွေမှာ မိသားစုတွေ စုပေါင်းနေထိုင်ဆောင်ရွက်ကြတာ၊ ရုံးတွေမှာ ဌာနတွေပေါင်းပြီး ဝန်ကြီးဌာနအဖြစ် တာဝန်ယူဆောင်ရွက်ကြတာတွေ၊ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်တာ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့တွေနဲ့ ပြည်ထောင်စုဝန်ကြီးဌာနတွေ ပူးပေါင်းညှိနှိုင်းဆောင်ရွက်တာတွေ စတာတွေဟာ သမဝါယမစနစ်ပါပဲ။ ပူးပေါင်းဆောင်ရွက်တာဟာ အစုအဖွဲ့စနစ်လို့ ပြောလို့ရပါတယ်။ ဒါ့ကြောင့် အစိုးရအဖွဲ့တွေနဲ့ ပုဂ္ဂလိကအဖွဲ့တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုအား၊ စုပေါင်းဆောင်ရွက်မှုကိစ္စတွေကိုလည်း သမဝါယမစနစ်လို့ ယူဆလို့ရပါတယ်။

သမဝါယမစနစ်အောင်မြင်ဖို့အတွက် အစိုးရအဖွဲ့အနေနဲ့ လုပ်နိုင်ကိုင်နိုင်ရှိတဲ့၊ လုပ်သာကိုင်သာရှိတဲ့ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ရေး မူဝါဒတွေ လုပ်ပေးနေပါတယ်။ ဘာတွေတိုးချဲ့ပြီး လုပ်ရမလဲဆိုတာကိုလည်း စဉ်ဆက်မပြတ်သုံးသပ်ပြီး လုပ်နေကြပါတယ်။ ယခုဆိုရင် ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့အစိုးရဖြစ်တာမို့ ပြည်သူအတွက် ဘာတွေလုပ်ပေးနိုင်မလဲဆိုတာကို နေ့စဉ်နဲ့အမျှ ဆွေးနွေးတိုင်ပင်နေတယ်ဆိုတာကိုလည်း ကြားသိရမှာဖြစ်ပါတယ်။

ထို့ပြင် အစိုးရအနေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေမှာ ပူးပေါင်းပါဝင်လုပ်ဆောင်ချင်လာအောင် ဖန်တီးပေးလျက်ရှိသလို လုပ်ငန်းရှင်တွေကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာကနေ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။ တောင်သူတွေကို ပြန်ကြည့်ပေးဖို့ လိုပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးဖို့ တတ်နိုင်တဲ့ဘက်က ပါဝင်လုပ်ဆောင်မယ်ဆိုတဲ့စိတ်နဲ့ ဆောင်ရွက်ပေးစေလိုပါတယ်။ အလားတူ လွှတ်တော်ကိုယ်စားလှယ်တွေ ဒေသတွင်း ကွင်းဆင်းတဲ့အချိန်တွေမှာ ကျေးလက်ပြည်သူအကျိုး၊ ကျေးလက်ပြည်သူတွေရဲ့ စီးပွားရေးအတွက် ဌာနဆိုင်ရာတွေ ပူးပေါင်းပြီး ဆွေးနွေးလုပ်ဆောင်နေတာဟာ "ကျွဲကူးရေပါ" ထိရောက်စေပါတယ်။

အစုအဖွဲ့တွေအနေနဲ့ ဈေးကွက်ချိတ်ဆက်မှုတွေမှာ မြို့နယ်အလွန်၊ တိုင်းအလွန်၊ ပြည်ပတင်ပို့ရောင်းချမှုတွေ မဆောင်ရွက်နိုင်သေးတာဖြစ်လို့ ပုဂ္ဂလိကတွေအနေနဲ့ အစုအဖွဲ့တွေ၊ အစိုးရဌာနတွေနဲ့ပူးပေါင်းပြီး ချိတ်ဆက်ပေးရမှာဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ကလည်း ချေးငွေတွေ ရယူပြီးရင် အကျေပေးဆပ်ဖို့ လိုပါတယ်။ မဆပ်တာကို ခွင့်ပြုပေးလို့မရတာမို့ ဌာနတွေအနေနဲ့ကလည်း အကုန်ကောက်ရမှာဖြစ်ပြီး ထပ်မံချေးပေးဖို့ နှစ်ဦးနှစ်ဖက်အဆင်ပြေအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အထွက်နှုန်းတိုးလာဖို့ ကိုယ်တိုင်လုပ်မှရပါမယ်။ ပူးပေါင်းဆောင်ရွက်မှုတွေမလုပ်ကြရင် ပြောင်းလဲတိုးတက်မှာမဟုတ်ပါဘူး။ အများအတွက်စဉ်းစားပြီး စုပေါင်းလုပ်တဲ့ အလေ့အကျင့်ကို မွေးမြူကျင့်သုံးကြရပါမယ်။

**ရှေ့ဆက်လက်ဆောင်ရွက်ကြမည်**

အနာဂတ်မှာ သမဝါယမစနစ်ကျေးလက်စီးပွားဖွံ့ဖြိုးရေးကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့ဆိုရင်ဖြင့်-

(က) သမဝါယမစနစ်၊ အစုအဖွဲ့စနစ်ကို တောင်သူများရဲ့ ယုံကြည်မှု တည်ဆောက်ရန်အတွက် အဖွဲ့အစည်းတွေရဲ့ စွမ်းဆောင်ရည်နှင့် ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) ဈေးကွက်သေချာစေရန် အစိုးရ- ပုဂ္ဂလိက-တောင်သူ အစုအဖွဲ့ပုံစံ၊ သမဝါယမစနစ်ပုံစံဖြင့် Win-Win-Win ဖြစ်စေသည့် Model ဖော်ထုတ်၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း ဝန်ဆောင်မှုများကို သမဝါယစနစ်၊ အစုအဖွဲ့စနစ်ဖြင့် ပြောင်းလဲဆောင်ရွက်ခြင်း၊

(ဃ) သမဝါယမစနစ်၊ အစုအဖွဲ့စနစ်ဖြင့် မျိုးနဲ့ သွင်းအားစုတွေကို အရည်အသွေးမီ၊ ဈေးနှုန်းမှန်ဖြင့် အချိန်မီ ရရှိစေရေး ဆောင်ရွက်နိုင်ပါမည်၊

(င) စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်မှု၊ ဒေသထွက်ကုန်တန်ဖိုးမြှင့်ခြင်း Value Added စနစ်လုပ်ဆောင်ဖို့၊ MSMEs ဖွံ့ဖြိုးဖို့၊ ဒစ်ဂျစ်တယ် ဈေးကွက်စနစ်တွေ ဖော်ဆောင်ဖို့တွေကို သမဝါယစနစ်၊ အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ပါမယ်၊ စုပေါင်းထုတ်လုပ်ခြင်းကြောင့် ငွေကြေးစနစ်တည်ငြိမ်စေပြီး ဝင်ငွေတိုးပွားလာစေခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်ပါတယ်။

ဤနည်းအားဖြင့် တစ်ဦးတည်းအောင်မြင်မှုထက် အစုအဖွဲ့ဖြင့်အောင်မြင်မှုကိုဦးတည်ပြီး သမဝါယမစနစ်ကို အခြေပြုတဲ့ ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဤသည်မှာ စိုက်ပျိုးရေးနဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍတွေအတွက်သာမဟုတ်ဘဲ ကဏ္ဍတိုင်း၊ လုပ်ငန်းရပ်တိုင်းတွင် ကျင့်သုံးဆောင်ရွက်သင့်တဲ့အခြေခံမူတစ်ရပ်လည်း ဖြစ်ပါတယ်။ MSME လုပ်ငန်းများကို ပုဂ္ဂလိကနှင့် သမဝါယမပုံစံများဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်သွားဖို့လည်း နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားထားရှိပါတယ်။

စုပေါင်းလုပ်ကိုင်တတ်တဲ့အလေ့အကျင့်ကို တစ်ဦးချင်းမှစတင်ကာ တစ်စုတစ်ဖွဲ့၊ ထို့နောက် အစုအဖွဲ့ပေါင်းများစွာအဖြစ် ဆင့်ကဲဖြန့်ကြက်သွားပြီး ကျေးရွာ၊ ရပ်ကွက်၊ မြို့ပြ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ နိုင်ငံအဆင့်မှသည် ကမ္ဘာတစ်ဝန်းသို့ သမဝါယမအသင်းများ ပြန့်ပွားလုပ်ဆောင်လာနိုင်စေခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း ယုံကြည်မှု၊ ညီညွတ်မှုနဲ့ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သည့် ယဉ်ကျေးမှုတစ်ရပ်ပေါ်ပေါက်လာစေကာ ငြိမ်းချမ်းသောလူ့အဖွဲ့အစည်း အသိုက်အဝန်းများကို ဖော်ဆောင်လာနိုင်မည်ဖြစ်၍ သမဝါယမစနစ်သည် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက်သာမက ရေရှည်တည်တံ့သောငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင်လည်း အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း ၂၀၂၆ ခုနှစ် ဇူလိုင်လ ၄ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်နှင့်ဇနီးတို့က ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်နှင့်ဇနီး မစ္စစ် နားလီ ဆီစုလိတ်တို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။



လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၃**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံသမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်နှင့်ဇနီး မစ္စစ် နားလီ ဆီစုလိတ်တို့က လာအိုသမ္မတအိမ်တော်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဦးစွာနိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် လာအိုသမ္မတအိမ်တော်သို့ရောက်ရှိကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်နှင့်ဇနီး မစ္စစ် နားလီ ဆီစုလိတ်တို့က ခင်မင်ရင်းနှီးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲကိုကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ခရီးစဉ်တွင်အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတနှင့်ဇနီးတို့နှင့်အတူ လာအိုနိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာနှစ်နိုင်ငံနိုင်ငံတော်သီချင်းကိုဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတနှစ်ဦးက နှုတ်ခွန်းဆက်စကားများပြောကြားကြသည်။

ယင်းနောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတနှင့်ဇနီးနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့်နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း လာအိုယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံတေးသီချင်းများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် လာအိုယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပပြုလုပ်သည့် လာအိုသမ္မတအိမ်တော်မှ ပြန်လည်ထွက်ခွာကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတနှင့်ဇနီးတို့က ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါပို့ဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မြဝတီ**

---

★ **စာမျက်နှာ ၁၇ မှအဆက်**

သွားမည့်အခြေအနေများ၊ မြန်မာ-လာအိုချစ်ကြည်ရေးတံတားမှတစ်ဆင့် ကူးသန်းရောင်းဝယ်ရေးနှင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုနှင့် ပြည်သူအချင်းချင်းအပြန်အလှန်ကူးလူးဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားနိုင်သည့်အခြေအနေများ၊ ကာကွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ကုန်ထုတ်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသရှိပြည်သူများဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ အွန်လိုင်းလောင်းကစားမှုလုပ်ငန်း ပပျောက်စေရေးအတွက် နှိမ်နင်းလျက်ရှိမှု၊ အွန်လိုင်းလောင်းကစားမှုနှင့်ပတ်သက်သည့် သိမ်းဆည်းရမိပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အဦများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများအဖြစ် အဆင့်မြှင့်တင်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

## နားလည်မှုစာချွန်လွှာများ အပြန်အလှန်လဲလှယ်

တွေ့ဆုံပွဲအပြီးတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာများလဲလှယ်ခြင်းအခမ်းအနားကိုဆက်လက်ကျင်းပပြုလုပ်ရာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏မြို့တော် ဗီယင်ကျန်းမြို့တို့အကြား ညီအစ်မမြို့တော်များ တည်ထောင်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများကို နှစ်နိုင်ငံမှသက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်တို့၏ ရှေ့မှောက်၌ လဲလှယ်ကြသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ပေးအပ်လှူဒါန်းသည့် မြန်မာနိုင်ငံထုတ် မြွေဆိပ်ဖြေဆေး အလုံး (၆၄၀)အား နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပေးအပ်လှူဒါန်းရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

လက်မှတ်ရေးထိုးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှစ်ဦးတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှတာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လာအိုသမ္မတအိမ်တော်မှ ပြန်လည်ထွက်ခွာရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတက ခင်မင်ရင်းနှီးစွာဖြင့်လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။

**မြဝတီ**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏နှစ်နိုင်ငံနိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းကိုခံယူကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

★ ရှေ့ဖုံးမှအဆက်

## ဂုဏ်ပြုကြိုဆို

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် လာအိုသမ္မတအိမ်တော်သို့ သွားရောက်ကြရာ သမ္မတအိမ်တော်အဝင်လမ်းတစ်လျှောက်၌ လာအိုကင်းထောက်လူငယ်မောင်မယ်လေးများက နှစ်နိုင်ငံအလံများကိုင်ဆောင်ဝှေ့ယမ်း၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အား ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပပြုလုပ်မည့် လာအိုသမ္မတအိမ်တော်သို့ ရောက်ရှိကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်နှင့်ဇနီး မစ္စစ် နားလီ ဆီစုလိတ်တို့က ခင်မင်ရင်းနှီးစွာဖြင့် ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် လာအိုနိုင်ငံသမ္မတတို့သည် အလေးပြုခံစင်မြင့်ထက်တွင်နေရာယူကြပြီး နိုင်ငံတော်သမ္မတ၏ဇနီးနှင့် လာအိုနိုင်ငံသမ္မတ၏ဇနီးတို့က အလေးပြုခံစင်မြင့်၏ ဘေးတစ်ဖက်တစ်ချက်တွင် နေရာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် လာအိုနိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ နှစ်နိုင်ငံနိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းကို ခံယူကြပြီး လာအိုပြည်သူ့တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့အလံကို ဦးညွှတ်အလေးပြု၍ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှစ်ဦးတို့သည် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ကို အပြန်အလှန်မိတ်ဆက်ပေးကြပြီး နိုင်ငံတော်သမ္မတနှစ်ဦးနှင့် ဇနီးနှစ်ဦးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှစ်ဦးသည် တွေ့ဆုံဆွေးနွေးပွဲကျင်းပပြုလုပ်မည့် ခန်းမဆောင်သို့ အတူတကွထွက်ခွာကြသည်။

## တွေ့ဆုံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်တို့သည် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တွေ့ဆုံဆွေးနွေးကြသည်။


ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား လှိုက်လှဲစွာဖြင့်ကြိုဆိုပါကြောင်း၊ အဆွေတော်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်စဉ်အတွင်းမှာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုပိုမိုမြှင့်တင်နိုင်ပြီး နှစ်နိုင်ငံဆက်ဆံမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုခရီးစဉ်သည် သံတမန်ရေးရာအရသာမက စီးပွားရေးရာအရ ပူးပေါင်းဆောင်ရွက်ရေးတို့တွင်ပါ ထူးခြားသည့်ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း၊ မိမိအနေဖြင့် သမ္မတတာဝန်ထမ်းဆောင်ချိန်တွင် ရှိရင်းစွဲအစဉ်အလာရှိသည့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကိုဆက်လက်မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေး ပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက် အာဆီယံနိုင်ငံများအနက် လာအိုနိုင်ငံကို ပထမဆုံးနိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး လာရောက်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်မိပါကြောင်းနှင့် ယခုကဲ့သို့ချစ်ကြည်ရေးခရီးလာရောက်ရန် အဆွေတော်၏ဖိတ်ကြားခဲ့မှုအပေါ်လည်း မိမိအနေဖြင့်တန်ဖိုးထားပါကြောင်း၊ မိမိနှင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲပျူငှာစွာကြိုဆိုမှုများနှင့် နွေးထွေးစွာဧည့်ဝတ်ပြုမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း။

ယမန်နှစ်က တရုတ်နိုင်ငံ၊ တီယန်ကျင်းမြို့တွင်ကျင်းပခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အပေါင်းထိပ်သီးအစည်းအဝေးတက်ရောက်ခဲ့စဉ်ကလည်း အဆွေတော်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ကို အမှတ်ရလျက်ရှိပါကြောင်းနှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့ လာအိုနိုင်ငံမှ အထူးကိုယ်စားလှယ်စေလွှတ်ခဲ့ပြီး အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးအပ်ခဲ့မှုအပေါ်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မကြာသေးမီကာလက လာအိုနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေး၏ မြန်မာနိုင်ငံခရီးစဉ်သည်လည်း မိမိတို့အစိုးရအပေါ် အလေးအနက်ထားမှုနှင့် လာအိုနိုင်ငံ၏ ထောက်ခံရပ်တည်ပေးမှုကို ပြသပေးသည့် ခရီးစဉ်ဖြစ်သဖြင့် များစွာတန်ဖိုးထားပါကြောင်း၊ ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲအစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေပြီး မဟာဗျူဟာမြောက် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။


မိမိတို့နှစ်နိုင်ငံသည် သံတမန်ဆက်ဆံမှုနှစ်(၇၀)ကျော်ရှိပြီဆိုသော်လည်း ရှေးယခင်နှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးဆက်ဆံခဲ့သည့် နိုင်ငံများဖြစ်ပါကြောင်း၊ နှစ်ဖက်နိုင်ငံနယ်စပ်နေ ပြည်သူများသည်လည်း ခွဲခြား၍မရပါကြောင်း၊ မြန်မာနိုင်ငံ ရှမ်းဘာသာစကားနှင့် “ပီနောင့်ကန်”၊ လာအိုစကားဖြင့် “ဖီနွန်းကန်” ဖြစ်ကြပါကြောင်း၊ မိမိအနေဖြင့် ၂၀၀၅ ခုနှစ်မှစပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသတွင် တာဝန်ယူကတည်းက နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာအားကောင်းစေရန် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့ထက်တိုင် အဆိုပါစိတ်ဓာတ်အတိုင်း ရှိနေသည်ကို အဆွေတော်ကိုပြောကြားလိုပါကြောင်း၊ ယခုအချိန်သည် မိမိတို့နှစ်နိုင်ငံတွင် ရွေးကောက်ပွဲများအသီးသီးကျင်းပပြီးနောက် အစိုးရသစ်များ ဖွဲ့စည်းပြီးသည့်အချိန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရသစ်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိသည့် အရေးကြီးသည့်အချိန်အခါလည်း ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်နှင့်ဇနီး မစ္စစ် နားလီ ဆီစုလိတ်တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်တို့၏ရှေ့မှောက်၌ နှစ်နိုင်ငံမှသက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက နားလည်မှုစာချွန်လွှာများကို လဲလှယ်ကြစဉ်။




လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှပေးအပ်လှူဒါန်းသည့် မြန်မာနိုင်ငံထုတ် မြွေဆိပ်ဖြေဆေး အလုံး (၆၄၀) အား နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပေးအပ်လှူဒါန်းရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်နိုင်ခဲ့မှုအခြေအနေများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်အဖြစ် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး NCA လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းလျက်ရှိမှုအခြေအနေများ၊ အစိုးရသစ်တာဝန်ယူပြီး ရက်ပေါင်း(၁၀၀)အတွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးမှုတွင်ပါဝင်လာနိုင်ရန်နှင့် PDF အမည်ခံအကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာရန်ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အိမ်နီးချင်းနိုင်ငံများသာမက အခြားနိုင်ငံများနှင့်လည်း မိတ်ဝတ်မပျက် ချစ်ကြည်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတက ဆွေးနွေးပြောကြားရာတွင် အဆွေတော်ဦးဆောင်သည့် အစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို တိုးတက်အောင် အမြန်ဆုံးဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံဆက်ဆံမှုများတိုးတက်စေရေးအမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံသမိုင်းကြောင်းများ တူညီမှုရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအဖြစ် တစ်ပြိုင်တည်းတွင် ဝင်ရောက်ခဲ့ခြင်းဖြစ်သဖြင့် ပိုမိုချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံသည် လာအိုနိုင်ငံ၏ အယုံကြည်ရဆုံးနှင့် အရင်းနှီးဆုံးမိတ်ဆွေနိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် အမြဲထောက်ခံအားပေးလျက်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးကို အာဆီယံမျက်နှာစာတွင်သာမက ကမ္ဘာ့နိုင်ငံများအလယ်တွင်ပါ ကောင်းမွန်သည့် ပြယုဂ်တစ်ခုအဖြစ် ရောက်ရှိအောင်မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း၊ အဆွေတော်အနေဖြင့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ပြီးချိန်တွင် မိမိတို့လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ်လာရောက်ခြင်းသည် အရှေ့တောင်အာရှနိုင်ငံများတွင်သာမက ဒေသတွင်းနိုင်ငံများနှင့်ပါ သံတမန်ရေးအရ ပိုမိုအဓိပ္ပာယ်ရှိသည့် ခရီးစဉ်ဖြစ်သည်ဟု ရှုမြင်ပါကြောင်း။

အဆွေတော်သမ္မတကြီး ဦးဆောင်သည့် မြန်မာနိုင်ငံအစိုးရအနေဖြင့် မကြာမီကာလအတွင်း အာဆီယံနှင့်ပုံမှန်ထိတွေ့ဆက်ဆံမှုများရရှိသွားမည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို အာဆီယံပဋိညာဉ်ပါအတိုင်း ဆောင်ရွက်ရခြင်းကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် အာဆီယံနှင့်ပုံမှန်အတိုင်း ထိတွေ့ဆက်ဆံသွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် မိမိတို့နိုင်ငံအနေဖြင့်လည်း တတ်စွမ်းသည့်ဘက်မှ မြန်မာနိုင်ငံကို အစဉ်အမြဲထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်းနိုင်ငံအဖြစ် အမြဲရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးနိုင်ငံအဖြစ် ထူထောင်သွားလိုပါကြောင်း၊ အနာဂတ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးဆောင်ရွက်လိုမှုအပေါ် မိမိအနေဖြင့် အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်တို့သည် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကျင်းပပြုလုပ်ပြီး နှစ်နိုင်ငံအကြား နိုင်ငံ့ခေါင်းဆောင်များ အဆက်ဆက်တွင် အစဉ်အလာရှိသည့်ချစ်ကြည်ရင်းနှီးမှုများရှိကြပြီး အပြန်အလှန်နားလည်ယုံကြည်မှုများရှိခဲ့သည့် မိတ်ဆွေနိုင်ငံများဖြစ်မှုအခြေအနေများ၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်းနှင့် လာအို-မြန်မာ ချစ်ကြည်ရေးအသင်းတို့ကို ဖွဲ့စည်းထူထောင်ထားပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ အပြန်အလှန်ကုန်သွယ်ရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်

**စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Lao People's Democratic Republic Mr. Thongloun Sisoulith welcomes and holds talks with President of the Republic of the Union of Myanmar U Min Aung Hlaing, who is on a State Visit to LPDR

NAY PYI TAW July 3

President of the Lao People's Democratic Republic Mr. Thongloun Sisoulith welcomed President of the Republic of the Union of Myanmar U Min Aung Hlaing, who is on a State Visit to LPDR at his invitation, with a Guard of Honour, and held talks with the Myanmar President at the Presidential Resident this morning.

**An Honored Welcome**

President U Min Aung Hlaing and wife Daw Kyu Kyu Hla proceeded to the Presidential Resident and were welcomed by Lao boy and girl scouts by waving miniature flags of the two countries on both sides of its entrance road.

On arrival at the Presidential Resident, the venue of the grand welcoming ceremony, the Myanmar President and wife were cordially welcomed by President of the Lao People's Democratic Republic Mr. Thongloun Sisoulith and wife Mrs. Naly Sisoulith.



President U Min Aung Hlaing holds a meeting with President of Laos Mr. Thongloun Sisoulith.



President U Min Aung Hlaing inspects the Guard of Honour.

The Myanmar President and the Lao President took up positions on the saluting dais, and at the same time, the wife of the Myanmar President and the wife of the Lao President took up positions on either side of the dais.

The two Presidents took the salute of the Guard of Honour, while the anthems of the two countries were played. The two Presidents then saluted the Flag of the Guard of Honour of the Lao People's Armed Forces (Army, Navy and Air) and inspected the Guard of Honour.

The two Presidents introduced the delegations of both countries to each other, and later, posed for group documentary photos together with their spouses.

Afterward, the two Presidents proceeded to the venue of the meeting together.

**The Meeting**

President U Min Aung Hlaing and President Mr. Thongloun Sisoulith, accompanied by their delegations held a meeting.

At the meeting, the Lao President warmly welcomed the delegation led by President U Min Aung Hlaing. He said, "During the visit of Your Excellency and your delegation, our two countries will be able to further promote bilateral friendship, cooperation, and mutual relations." He noted that it would be a significant visit not only for diplomacy but also for economic cooperation. Furthermore, he expressed his belief that the existing traditional friendship between the two countries can be further elevated during his term.

In his discussions, President U Min Aung Hlaing said it is a pleasure for him to pay the first State Visit to Laos from among the ASEAN member countries after he took office. He said he valued the invitation sent by the Lao President, expressing appreciation for the hospitality showed to his and his delegation.

"Your Excellency, I still remember a meeting with you during the Shanghai Cooperation Organisation (SCO) "Plus" Summit held in Tianjin, China last year," he recounted, expressing pleasure for the current meeting. President U Min Aung Hlaing thanks his Lao counterpart for sending a special envoy and a congratulatory message to his presidential inauguration ceremony. He stated he valued the recent Myanmar visit of Mr. Thongsavan Phomvihane, Deputy Prime Minister and Minister of Foreign Affairs of the Lao People's Democratic Republic, for showing a serious consideration given to Myanmar government and Laotian support for Myanmar. The aim of the current visit is to further deepen the existing traditional friendship and promote the

See Page - 19

# High-level delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla arrives in Lao People's Democratic Republic to pay a State Visit

NAY PYI TAW July 3

A high-level delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla left Tatmadaw Airport in Nay Pyi Taw by a special flight this morning to pay a State Visit to the Lao People's Democratic Republic at the invitation of President of the Lao People's Democratic Republic His Excellency Mr. Thongloun Sisoulith.

President U Min Aung Hlaing and Daw Kyu Kyu Hla and the delegation were seen off at the airport by Vice President U Nyo Saw and wife, Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dway and wife,Commander-in-Chief of Defence Services General Ye Win Oo and wife, union ministers and wives, the Nay Pyi Taw Council chair, the Nay Pyi Taw Command commander, and officials of the Ambassy of Laos in Myanmar and Military Attaché Office.

The President and wife were accompanied by union ministers U Khin Maung Yi, U Tin Maung Swe, U Khin Maung Soe, Shan State Chief Minister U Sai Htein Soe, senior military officers from the Office of the Commander-in-Chief, deputy ministers and officials.

During the Visit, the President of Myanmar would meet and hold bilateral talks with the President of Lao PDR,and meet with the President of National Assembly of Lao PDR and the Prime Minister of Lao PDR. Additionally, the President of Myanmar will receive provincial leaders. The President will engage in cordial and open exchange of views to the further consolidation of the existing friendly relations and mutual cooperation.Furthermore, the itinerary includes visits to and ancient archeological zones and prominent sites in the country.


President U Min Aung Hlaing and Daw Kyu Kyu Hla being welcomed by senior officials of the Lao Government.

The President and wife and delegation arrived at Wattay International Airport in Vientiane, LPDR, at 9.15 am local time, and were warmly welcomed at the airport by senior officials of the Lao Government led by Mr. Thongsavan Phomvihane, Deputy Prime Minister and Minister of Foreign Affairs of the Lao People's Democratic Republic (The Minister in Attendance) and wife, Myanmar Ambassador to Laos U Aung Ko and wife, Myanmar Military Attache (Army, Navy and Air) Brig-Gen Yaza Tun and wife and officials.

In accord with the tradition of welcoming the Heads of State who pay a State Visit, the guard of Honour took positions on both sides of the red carpet and gave a salute, and two Laotian children presented bouquets. Afterward, the President and wife and delegation left the airport. Laotian scouts welcomed them by waving miniature flags of the two countries on both sides of the road long the way.

**Myawady**

---

From Page - 18

strategic cooperation in multiple sectors.

Although the diplomatic relations between the two countries have exceeded 70 years, the two had cordial relations since yore and the peoples living at the common border are inseparable. In the language of Shan people in Myanmar there is a word that pronounces "Pe-naung-kan" is pronounced Phi-nom-kan in Lao language. Since the time he was assigned to Kengtung region, Shan State (East) in 2005, he has been making continuous efforts for strengthening the relations between the two countries, he said, adding that he still has that eagerness to continue the task. Myanmar had formed the central and regional governments after the elections. So, it is an important moment to open a new chapter in the bilateral cooperation between the two governments.

The Myanmar President then discussed matters relating to political developments of the Republic of the Union of Myanmar, successful holding of a free and fair multi-party democracy generation election, efforts to achieve internal peace, the foundation for national development, are in progress in accord with the NCA, overtures for all EAOs to participate in the peace process with 100 days beginning from the date the current government took office, invitations to armed terrorist groups by the name PDF to return to the legal fold, Myanmar's seriousness in maintaining the enduring friendly relations not only with neighbours, but also with other countries.

The Lao President honoured the government led by President U Min Aung Hlaing for developing political transition process within a short period. Laos is always making efforts for the progress of bilateral relations between the two countries. The two countries have similar history and joined the ASEAN at the same time. So, the two have deeper friendship. As Myanmar is the most trustworthy and closest friend of Laos, the latter also support the former. Laos wishes to elevate friendship, cooperation and relations between the two to become an example on the ASEAN stage as well as in the global stage. The Lao President said he sees Myanmar President's State Visit to Laos after his goodwill visits to China and India as a more meaningful visit in the field of diplomacy not only for Southeastern countries, but also for regional countries.

He expressed confidence that the Myanmar government led by His Excellency the President would soon resume regular engagement with ASEAN. He noted that, in accordance with the ASEAN Charter, member states should foster friendship and cooperation among one another, and therefore believed Myanmar would be able to maintain normal relations with ASEAN. He also affirmed that Laos would continue to support Myanmar to the best of its ability and would always stand as a steadfast friend. He stated that Laos hoped to establish a strategic partnership with Myanmar and further expand bilateral cooperation in the years ahead. He added that he fully supported the President's efforts to advance Myanmar's development and strengthen cooperation between the two countries.

Following the meeting, President U Min Aung Hlaing of the Republic of the Union of Myanmar and President Mr. Thongloun Sisoulith of the Lao People's Democratic Republic held bilateral talks with their respective delegations. During the discussions, the two leaders exchanged views in a cordial and open manner on the long-standing friendship and mutual trust built by successive leaders of the two countries. They discussed the establishment of the Myanmar–Laos Friendship Association and the Laos–Myanmar Friendship Association to further strengthen bilateral cooperation, as well as measures to enhance cooperation between the legislatures of the two countries. They also discussed ways to expand bilateral trade and facilitate the movement of goods and people through the Myanmar–Laos Friendship Bridge. In addition, they exchanged views on strengthening cooperation in the fields of defence, tourism, manufacturing, education, healthcare, electricity, and energy, as well as working together to improve the livelihoods of border communities and maintain peace and stability along the shared border. The two leaders also discussed ongoing efforts to eliminate online gambling operations, including the systematic destruction of confiscated gambling-related equipment and the demolition of illegal structures associated with such activities. They further exchanged views on elevating bilateral relations to a strategic partnership and continuing to expand cooperation across all sectors.

**Exchange of Memoranda of Understanding (MoUs)**

Following the talks, a ceremony was held for the exchange of memoranda of understanding (MoUs) between the Republic of the Union of Myanmar and the Lao People's Democratic Republic. In the presence of President U Min Aung Hlaing of the Republic of the Union of

See Page - 20

From Page - 19
Myanmar and President Mr. Thongloun Sisoulith of the Lao People's Democratic Republic, officials from the two countries exchanged the Memorandum of Understanding on Cooperation in the Tourism Sector between Myanmar's Ministry of Hotels, Tourism and Culture and Laos' Ministry of Culture and Tourism, as well as the Memorandum of Understanding on the Establishment of a sister-city relationship between Nay Pyi Taw, the capital of Myanmar, and Vientiane, the capital of Laos.

Following the exchange ceremony, Union Minister for the President's Office U Khin Maung Yi formally handed over 640 vials of Myanmar-made antivenom, donated by the Republic of the Union of Myanmar to the Lao People's Democratic Republic. The donation was received by a representative of the Lao government.

Following the ceremony, the two Presidents cordially greeted the officials from both countries who attended the event.

President U Min Aung Hlaing of the Republic of the Union of Myanmar then departed the Lao Presidential Palace, where he was warmly seen off by President Mr. Thongloun Sisoulith of the Lao People's Democratic Republic. **Myawady**

# Daw Kyu Kyu Hla visits Lao Traditional Silk Museum and Lao Art Museum

NAY PYI TAW July 3

Daw Kyu Kyu Hla, wife of the President of the Republic of the Union of Myanmar, who is accompanying President U Min Aung Hlaing on his State Visit to the Lao People's Democratic Republic in Vientiane, visited the Lao Traditional Silk Museum and the Lao Art Museum today.

First, Daw Kyu Kyu Hla, accompanied by the wife of the Myanmar Ambassador to Laos and relevant officials, arrived at the Lao Traditional Silk Museum, where she was warmly welcomed and greeted by Mrs. Naly Sisoulith, wife of the President of the Lao People's Democratic Republic, and officials from the museum.

Following this, she toured the Lao Traditional Silk Museum, during which the museum officials guided her through the displays and explained the silk textiles on exhibit.

Afterwards, Daw Kyu Kyu Hla signed the guestbook at the museum and exchanged gifts with a museum official.

The Lao Traditional Silk Museum, located in Vientiane, is an important cultural heritage museum and exhibition hall in Laos. It was officially opened as the Lao Silk Residence in October 2024 by the Lao Traditional Handicraft Association under the personal leadership and support of Mrs. Naly Sisoulith, wife of President Thongloun Sisoulith of the Lao People's Democratic Republic. The museum is built with a combination of French colonial architectural design and traditional Lao architectural features, and it serves as a venue where visitors can comprehensively study the traditional silk weaving cultures of various ethnic groups from across Laos in one place.



Daw Kyu Kyu Hla visits Lao Textile Museum and Lao Art Museum.



Daw Kyu Kyu Hla signs the guestbook.

Subsequently, Daw Kyu Kyu Hla and her delegation proceeded to the Lao Art Museum in Vientiane, where they were received and welcomed by the museum officials.

She then toured the Lao Art Museum, and the museum officials accompanied her and provided explanations about the artworks and handicrafts displayed within the museum.

After the tour, Daw Kyu Kyu Hla signed the guestbook at the museum and exchanged gifts with a museum official.

The Lao Art Museum was opened on January 5, 2025, and it displays artworks from various eras in Laos, including paintings and sculptures, all in one location. The museum features exhibits arranged in sections, showcasing works ranging from those of veteran artists to those of young emerging talents, including traditional Buddha images as well as contemporary conceptual sculptures, oil paintings, watercolours, and other modern creative artworks.

**Myawady**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with Speaker of Lao National Assembly



President U Min Aung Hlaing receives President of the National Assembly of Laos Dr. Xaysomphone Phomvihane.

NAY PYI TAW July 3

On his state visit to the Lao People's Democratic Republic, President of the Republic of the Union of Myanmar U Min Aung Hlaing held talks with Speaker of Lao National Assembly Dr. Xaysomphone Phomvihane at the office of the national assembly this afternoon.

First, the high-level Myanmar delegation arrived at the office of the national assembly and was cordially welcomed by Speaker of Lao National Assembly Dr. Xaysomphone Phomvihane and officials. Then, the President and the Speaker posed for documentary photographs.

Afterward, talks were held at the office of the national assembly and also present together with the President were members of his entourage union ministers, the chief minister of Shan State, senior military officers from the Office of the Commander-in-Chief of Defence Services, deputy ministers, the Myanmar ambassador to Laos and officials while the speaker was accompanied by officials from the Lao national assembly.

During the talks, President U Min Aung Hlaing said it was his first state visit to an ASEAN country and frankly discussed assumption of state duties by the parliament and the government elected by the people after a free and fair multi-party democracy general election was successfully held in Myanmar, measures taken to promote the role of women in the national development and stability sectors, potentials for cooperation between the two governments and parliaments after assumption of state duties by a new government after holding a general election in Myanmar while Laos did so recently, possibilities to greatly contribute to the development of the two countries through the cooperation between the two parliaments, Myanmar and Laos' good-neighbourly and friendly relations, consistent efforts of the government for development of Myanmar and steps taken to improve international relations, mutual support between Myanmar and Laos as the two countries joined the ASEAN at the same time and upgrading the cooperation between the two parliaments to strategic partnership between the two countries.

After the talks, the President and the Speaker of the Lao National Assembly posed for documentary photographs with attendees. Then, the President left the office of the Lao National Assembly and the speaker cordially extended his farewell greetings. **Myawady**

# President of the Republic of the Union of Myanmar U Min Aung Hlaing meets with Prime Minister of Laos



President U Min Aung Hlaing holds a meeting with Mr. Sonexay Siphandone, Prime Minister of the Lao People's Democratic Republic.

NAY PYI TAW July 3

His Excellency U Min Aung Hlaing, President of the Republic of the Union of Myanmar, who is currently on a State Visit to the Lao People's Democratic Republic, met with His Excellency Sonexay Siphandone, Prime Minister of the Lao People's Democratic Republic, this afternoon at the Meeting Hall of the Prime Minister's Office.

Upon arrival of the Myanmar high-level delegation led by the President at the Lao Prime Minister's Office, the Prime Minister of Laos and relevant officials warmly welcomed and greeted them, and the President and the Prime Minister of Laos then posed for commemorative photographs.

Following this, a meeting was held in the conference hall, attended on the Myanmar side by the Union Ministers accompanying the President on the visit, the Chief Minister of Shan State, senior military officers from the Office of the Commander-in-Chief, Deputy Ministers, Myanmar Ambassador to Laos and relevant officials, while the Lao side was represented by the Prime Minister, government ministers, deputy ministers, and relevant officials of the Lao People's Democratic Republic.

During the meeting, they discussed the longstanding diplomatic relations between the two countries, encompassing diplomatic ties, military relations, and relations as ASEAN member states, noting that both countries are also members of the CLMV group comprising Cambodia, Laos, Myanmar and Vietnam, the Greater Mekong Sub-region, and the Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy, with Myanmar closely cooperating on matters that will bring regional benefits.

They also spoke about the status of Myanmar and Laos as good neighbourly countries, friendly nations, and brotherly countries, as well as the plan to hold a Myanmar-Laos Joint Commission Meeting to further strengthen friendship and cooperation between them. Discussions touched on prospects for developing border trade through the Myanmar-Laos Friendship Bridge and implementing cross-border transportation of goods, along with plans to enhance cooperation on labour affairs and promote the tourism sector. The leaders addressed the intention to establish a sister-city relationship between Nay Pyi Taw, the capital of Myanmar, and Vientiane, the capital of Laos, and plans to boost cooperation across various sectors, including education, health, culture, and defence. They also considered prospects for the development of the electricity sector between the two countries and the implementation of hydropower projects along the Mekong River.

Collaborative efforts among Myanmar, Thailand, and Laos to reduce transboundary haze pollution. Further discussions covered cooperation on border region stability and security, prevention and suppression of narcotic drugs, and the eradication of online financial fraud and gambling. The meeting also touched upon Myanmar's steadfast pursuit of a multi-party democracy path and the government's efforts to achieve domestic peace and development, alongside the Lao government's efforts for national development.

As Myanmar and the Lao PDR are friendly, reliable, and good neighbourly countries, they cordially discussed matters related to enhancing bilateral cooperation in the future.

After the meeting concluded, the President departed from the Lao Prime Minister's Office, and the Prime Minister of Laos saw him off with warm friendship and farewells. **Myawady**

# President of Lao PDR Thongloun Sisoulith and spouse host dinner in honour of high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing on his State Visit to Lao PDR and his spouse

NAY PYI TAW July 3

President of the Lao People's Democratic Republic Mr. Thongloun Sisoulith and his spouse Mrs. Naly Sisoulith hosted a dinner in honour of the high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing on his State Visit to Lao PDR and his spouse at the Presidential Palace of Laos this evening.

On arrival at the Lao Presidential Palace, President U Min Aung Hlaing and his spouse Daw Kyu Kyu Hla were warmly welcomed by Lao President Mr. Thongloun Sisoulith and his spouse Mrs. Naly Sisoulith.

The dinner was also attended by Union ministers, the Chief Minister of Shan State, senior military officers from the Office of the Commander-in-Chief, deputy ministers, the Myanmar Ambassador to Laos and officials. The Lao President and his spouse were accompanied by senior officers from the Lao Government and officials.



President U Min Aung Hlaing extends greetings at the dinner.

The national anthens of both countries were presented, and two Presidents extended greetings.

The President of Myanmar and his spouse had dinner together with the Lao President and his spouse, and delegation members of both countries.

Before and during the dinner, the Lao cultural troupe performed song entertainments of both countries.

After the dinner, the President of Myanmar and his spouse presented a flower bouquet and cash awards to the Lao cultural troupe and posed for documentary photos.

When the President of Myanmar and his spouse left the Lao Presidential Palace where the dinner was hosted, the Lao President and his spouse cordially saw them off.

**Myawady**

---

# On state visit to LPDR, high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla pays tribute, lays tribute wreath at Monument of Unknown Soldiers




President U Min Aung Hlaing lays a wreath at the Monument of the Unknown Soldiers.

NAY PYI TAW July 3

On its state visit to Vientiane, the Lao People's Democratic Republic at the invitation of President of the LPDR Mr. Thongloun Sisoulith, a Myanmar high-level delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and his wife Daw Kyu Kyu Hla paid tribute and laid a tribute wreath at the Monument of Unknown Soldiers this morning.

First, the high-level Myanmar Delegation led by the President and his wife arrived at the Monument of Unknown Soldiers and were welcomed by senior officers of the LPDR. Then, the President and his wife, senior officers from the LPDR and members of the Myanmar delegation marched to the place to lay the tribute wreath and took up position together with two wreath-bearing officers.

Then, the President paid tribute and laid the tribute wreath at the monument with the accompaniment of a military band from the Lao People's Army.

Afterward, the President and his wife cordially greeted senior officers from the LPDR and left the monument.

**Myawady**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် Check Gate ၂ ပေါက်တည်ဆောက်ပေးရေး၊ ရေလှောင်တမံအပြီးသတ်တည်ဆောက်ပေးနိုင်ရေးနှင့် ရေထိန်းတာများပြုပြင်ဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်းသည့် မေးခွန်း(၇)ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို(၁)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **ငပုတောမြို့နယ်အတွင်းရှိ လပွတ္တာ (ကျောက်ဖျာလေး) သုံးခွ၊ အုတ်တွင်း၊ ထိပ်စွန်းလမ်းအား ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့် စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ငပုတောမြို့နယ်အတွင်းရှိ လပွတ္တာ(ကျောက်ဖျာလေး) - သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း၏ရေပေါ်ကြီးကျေးရွာနှင့် သက္ကယ်သောင်ကျေးရွာကြား၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မိုင်တိုင် ၂၃/၁ မှ ၂၃/၅ ဒသမ ၅ အထိ မူလအမာခံလမ်းအား ၁၂ ပေအကျယ် ၄ ဒသမ ၅ ဖာလုံ ကတ္တရာလမ်းခင်းခြင်း၊ သွားလာမှုအများဆုံးလမ်းပိုင်း ရေပေါ်ကြီးကျေးရွာမှအုတ်တွင်းကျေးရွာကြားရှိဆိုးရွားစွာပျက်စီးနေသောလမ်းပိုင်းအချို့အား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဦးစားပေးအပိုင်းလိုက် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်တွင်လည်း ဦးစားပေးအလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **အုတ်တွင်းမြို့နယ် ဝဲဒေါင့်ကျေးရွာအုပ်စု ဟင်းငုတ်ပင်- ဝဲဒေါင့်- ပိတောက်ခင် ကျောက်ချောလမ်းပိုင်း ၇/၁ မိုင်အား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဝဲဒေါင့်ကျေးရွာအုပ်စု၊ ဟင်းငုတ်ပင်-ဝဲဒေါင့်-ပိတောက်ခင် ကျောက်ချောလမ်းပိုင်းသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိအခြေအနေသည် ကွန်ကရစ်လမ်းအရှည် ၁ မိုင်၊ ကျောက်လမ်း ၂ မိုင် ၃ ဖာလုံ၊ အမာခံလမ်း ၆ ဖာလုံနှင့်မြေသားလမ်း ၈ မိုင် ၃ ဖာလုံ စုစုပေါင်းလမ်းမိုင်အရှည် ၁၂ မိုင် ၄ ဖာလုံဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းရှိ မြေသားလမ်းနှင့် အမာခံလမ်းများအား ပထမအဆင့်အနေဖြင့် ကျောက်လမ်းအဆင့်သို့လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ကွန်ကရစ်လမ်းအဆင့်သို့လည်းကောင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ရေးဆောင်ရွက်ပြီး ဘဏ္ဍာငွေရရှိမှု အပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

မြန်အောင်မဲဆန္ဒနယ်မှဦးအောင်ဝင်းဆွေ၏ **မြန်အောင်မြို့နယ် ကနောင်-အင်ပင်လမ်းပိုင်းတွင် ကနောင်- တာငါးဆုံလမ်းပိုင်းအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကနောင်-အင်ပင်လမ်းပိုင်းသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှစီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ကနောင်-စာဖြူစု (တာငါးဆုံ)လမ်းပိုင်းသည် ၅ မိုင် ၅ ဖာလုံ အရှည်ရှိသည့်ကျောက်လမ်းဖြစ်ပါကြောင်း၊ အဆိုပါ ကနောင်-စာဖြူစု (တာငါးဆုံ) လမ်းပိုင်းအတွင်း ၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေတွင် နှစ်အလိုက် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ဥတ္တရသီရိမြို့နယ် ကျေးရွာ(၉) ရွာ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိရေး UTM မြေပုံအစား Coordinate စနစ်ဖြင့် ပြောင်းလဲ၍ အမိန့်စာထုတ်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဥတ္တရသီရိမြို့နယ်နှင့် ဥတ္တရသီရိခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် သစ်တောပယ်ဖျက်မိန့်တွင်ပါဝင်သော မိုးစွေကျေးရွာအုပ်စု၊ သရက်တောကျေးရွာအုပ်စုနှင့် မင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း(၉)ရွာတို့တွင် သစ်တောဧရိယာအတွင်းကျရောက်လျက်ရှိသည့်အတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ထုတ်ပေးနိုင်ခြင်းမရှိသေးသော်လည်း သစ်တောဧရိယာအတွင်းကျရောက်ခြင်းမရှိသည့် သရက်တောကျေးရွာအုပ်စု၊ ကျေးရွာပေါင်း ၃ ရွာရှိ လယ်ယာမြေဧက ၂၈၉၀၊ တောင်ညိုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၁၁ ရွာမှ လယ်ယာမြေဧက ၁၈၃၀ နှင့်မင်းကုန်းကျေးရွာအုပ်စု၊ ကျေးရွာပေါင်း ၁၀ ရွာရှိ လယ်ယာမြေ ၂၁၆၄ ဧက စုစုပေါင်းလယ်ယာမြေ ၆၈၈၄ ဧကအား ပုံစံ-၇ ထုတ်ပေးထားပြီးဖြစ်ပါကြောင်း။

ဥတ္တရသီရိမြို့နယ်မှကျေးရွာ ၉ ရွာအား သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့ရာတွင် နယ်နိမိတ်လားရာအမှတ်များအား မြေကိုင်တွယ်အသုံးပြုနေသည့်ဌာနဆိုင်ရာများနှင့်စနစ်တူညီစေရန်အတွက် GPS Point အမှတ်များ ပြန်လည်ကောက်ယူရန်လိုအပ်ခြင်း၊ UTM မြေပုံအား GIS Coordinate ပူးတွဲပါဝင်သည့်ရည်ညွှန်းမှတ်များနှင့် ကိုက်ညီအောင်(Georeference)ပြန်လည်စိစစ်ရန် လိုအပ်ခြင်း၊ နယ်နိမိတ်မျဉ်းများအား GIS Software အသုံးပြု၍ အသေးစိတ်ရေးဆွဲရန် (Digitize ပြုလုပ်ခြင်း) လိုအပ်ခြင်း၊ ကွေးကောက်သည့်နယ်နိမိတ်လမ်းကြောင်းများတွင် တိကျစွာဖော်ပြနိုင်ရန် Point အမှတ်တစ်ခုနှင့်တစ်ခုနီးကပ်စွာ ၁၀ ပေခန့်ဖြင့် Point အမှတ်များစွာ ဖော်ပြရန်လိုအပ်မည်ဖြစ်ခြင်း၊ Software/Hardware လိုအပ်ချက်ရှိခြင်း၊ နေရာတစ်ခုတည်းတွင် ဆောင်ရွက်ရမှုမျိုးမဟုတ်ဘဲ နေရာများစွာတွင် ဆောင်ရွက်ပေးရမည်ဖြစ်ခြင်းတို့ကြောင့် အချိန်ယူ၍ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ မူလဆောင်ရွက်ပြီးစီးခဲ့သည့် ကိစ္စရပ်များအပေါ် ပြင်ဆင်ဆောင်ရွက်မည်ဆိုပါက နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက နိုင်ငံတော်သမ္မတရုံးသို့ မူဝါဒခံယူတင်ပြ၍ ခွင့်ပြုချက်ရရှိပါက ဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ငလိုက်ကြိုးဝိုင်းအတွင်းမှ ကျေးရွာ ၉ ရွာ၊ ဧရိယာ ၆၁၇ ဒသမ ၆၈၃ ဧကအား သစ်တောပယ်ဖျက်ပေးခဲ့သည့်အပေါ် ပူးပေါင်းအဖွဲ့မှပြန်လည်ကွင်းဆင်းတိုင်းတာရရှိခဲ့သည့် ဧရိယာ ၆၈၄ ဒသမ ၁၇ ဧကဖြင့် အမိန့်ကြော်ငြာစာ ပြန်လည်ပြင်ဆင်ထုတ်ပြန်ပေးရေးကို နေပြည်တော်ကောင်စီအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနများသို့ တင်ပြဆောင်ရွက်ရမည်ဖြစ်ပြီး ခွင့်ပြုမိန့်ရရှိပါက လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်အနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇)ထုတ်ပေးနိုင်ရေး လုပ်ငန်းကို လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့် အညီဆက်လက်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ်ရှိ သမင်ခြံ၊ တာတိုက်နှင့် သရက်တောကျေးရွာအုပ်စုများရှိ မိုးစပါးကေများ ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် Check Gate ၂ ပေါက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကော့မှူးမြို့နယ်ရှိ သမင်ခြံကျေးရွာအုပ်စု၊ တာတိုက်ကျေးရွာအုပ်စုနှင့် သရက်တောကျေးရွာအုပ်စုများတွင် မိုးစပါးကေ ၂၀၀၀ ကျော် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် နွေစပါးကေ ၂၅၀ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ပကောက် Check Gate တည်ဆောက်ရန် လျာထားတည်နေရာရှာဖွေထားပါကြောင်း၊ ပကောက် Check Gate တည်ဆောက်ရန် လျာထားနေရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူး၊ တောင်သူများနှင့် အတူ ကွင်းဆင်းကြည့်ရှုခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ပကောက် Check Gate တည်ဆောက်ပေးနိုင်ရန်အတွက် လိုအပ်ရန်ပုံငွေအား ၂၀၂၇-၂၀၂၈ ခုဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖြူးမဲဆန္ဒနယ်မှ ဦးမြင့်ဇော်လင်း၏ **ကွန်းချောင်းဆည်ရေလှောင်တမံသည် ၂၀၁၆ ခုနှစ်တွင် ရပ်နားထားခဲ့သဖြင့် ပြန်လည်တည်ဆောက်ပေးနိုင်မှု ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ကွန်းချောင်းပေါ်တွင်ကွန်းချောင်းရေလှောင်တမံကို စက်တပ်ဆင်အင်အား ၂၀ မဂ္ဂါဝပ်၊ တာဘိုင် ၃ လုံးဖြင့် လျှပ်စစ်ဓာတ်အား ၆၀ မဂ္ဂါဝပ် ထုတ်လုပ်ရန်ရည်ရွယ်၍ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ၂၀၁၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ကွန်းချောင်းရေလှောင်တမံမှထုတ်လွှတ်သည့် ရေများဖြင့် ကျောက်တံခါးမြို့နယ် တောကျွဲအင်း၊ ပဲနွယ်ကုန်းဒေသများရှိ ဆည်ရေသောက်ဧရိယာဧက ၃၅၀၀၀ အား သီးထပ်များပိုမိုစိုက်ပျိုးနိုင်ရန်ရည်ရွယ်ပြီး ကွန်းချောင်းရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစတင်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၄-၂၀၁၅ ခုနှစ်အထိ ပြည်ထောင်စုရန်ပုံငွေဖြင့် ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်း ၅၀ ဒသမ ၃၆ ရာခိုင်နှုန်း၊ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်း ၁ ဒသမ ၁၆ ရာခိုင်နှုန်းဆောင်ရွက်ခဲ့ပြီးဖြစ်၍ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၈ ဒသမ ၄၁ ရာခိုင်နှုန်းပြီးစီးခဲ့ပါကြောင်း မြန်မာနိုင်ငံ ဆည်မြောင်းဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် ကွန်းချောင်းရေလွှဲဆည်နှင့်ဆည်ရေသောက်စနစ်တည်ဆောက်ခြင်း လုပ်ငန်းအား အိန္ဒိယချေးငွေဖြင့်ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့ပါကြောင်း။

လက်ရှိကာလတွင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် WAPCOS Limited တို့အကြား ချုပ်ဆိုထားသော အတိုင်ပင်ခံစာချုပ်သက်တမ်းမှာ ကုန်ဆုံးသွားပြီဖြစ်ကြောင်း၊ ချေးငွေသဘောတူစာချုပ်တွင် သက်တမ်းကုန်ဆုံးသွားခဲ့ပြီဖြစ်ခြင်းကြောင့် လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၆-၂၀၂၇ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ ၅ နှစ်စီမံကိန်းတွင် ကြိုတင်ထည့်သွင်းရေးဆွဲခဲ့ပြီးဖြစ်သည့်အပြင် ၂၀၂၇-၂၀၂၈ ခုနှစ် နိုင်ငံပိုင်အခန်းကဏ္ဍရင်းနှီးမြှုပ်နှံမှုတွင်ထည့်သွင်းထားပြီးဖြစ်ပါသဖြင့် ၂၀၂၇-၂၀၂၈ ခုနှစ်မှစတင်ကာ ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အပိုင်းလိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝချောင်းမြောင်းများ တိမ်ကောပျက်စီးနေခြင်း၊** **စာမျက်နှာ ၂၄ သို့➢**

➢ စာမျက်နှာ ၂၃ မှအဆက်

**“ဝဝန်တာ၊ ပန်းလှိုင်တာနှင့် ပင်လယ်ရေချို၊ ရေငန်အစပ်ရေထိန်းတံခါးများ၊ ကျွန်းပတ်တာတမံများအား” ပြန်လည်တူးဖော်တည်ဆောက်ခြင်းများမည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုဘေးမှ ကာကွယ်ရန်အတွက် အရေးကြီးရေဘေးကာကွယ်ရေးတာတမံ ရှစ်ခု၊ ကျွန်းပတ်တာ ၂၂ခု၊ ရေငန်တားတာ ၁၅ ခု၊ အခြားရေဘေးကာကွယ်ရေးတာငယ် ၁၉ ခု စုစုပေါင်းတာတမံ ၆၄ ခုနှင့် ရေတံခါး ၂၀၉ ခုတည်ဆောက်ထိန်းသိမ်းထားပြီး ဧရိယာဧက ၁၇ သိန်းကျော်ကို ကာကွယ်ထားရှိပါကြောင်း၊ အရေးကြီးရေဘေးကာကွယ်ရေးတာတမံ ရှစ်ခုဖြစ်သော ဝဝန်တာ၊ ရောဝတီ-ဟင်္သာတတာ၊ ဧရာဝတီအရှေ့ဘက်ကမ်းတာ၊ မြန်အောင်တာ၊ ကြံခင်းတာ၊ ညောင်တုန်းကျွန်းတာ၊ တာ၀-ပါလှဲ့-ကုက္ကိုဝတာ၊ မအူပင်ကျွန်းတာများ တည်ဆောက်ပြီးစီးခဲ့သည်မှာ ပျမ်းမျှအားဖြင့်နှစ်ပေါင်း ၁၄၀ ခန့်ရှိပြီး ရေငန်တားတာနှင့် ကျွန်းပတ်တာများ၊ အခြားရေဘေးကာကွယ်ရေးတာငယ်များ တည်ဆောက်ပြီးစီးခဲ့သည်မှာ နှစ်ပေါင်း ၄၀ ခန့်ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း။

အဆိုပါတာများအား ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ရေဘေးကာကွယ်ရေးတာများ၊ ကျွန်းပတ်တာများ၊ ရေငန်တားတာများ ပြုပြင်တည်ဆောက်ခြင်းများအား ဦးစားပေးအလိုက်စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် နုန်းတင်တိမ်ကော၍ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်လာနိုင်သဖြင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကိုလည်း နှစ်စဉ်လျာထားစီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တာတမံပြုပြင်ခြင်းလုပ်ငန်း ၁၄၁ ခု၊ ရေတံခါးပြုပြင်ခြင်းလုပ်ငန်း ၄၀ ခု၊ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ၆၇ ခုတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တာတမံများ၏ကြံ့ခိုင်မှုကို သိရှိနိုင်ရန်အတွက် တာတမံစစ်ဆေးရေးအဖွဲ့များကို နှစ်စဉ်ဖွဲ့စည်း၍ ပြုပြင်ရန်လိုအပ်မည့် အခြေအနေများကို စစ်ဆေးတင်ပြစေကာ လိုအပ်သောပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများကို ဦးစားပေးအလိုက်ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်းက **“မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများမှရရှိသောကိန်းဂဏန်းအချက်အလက်များအား စနစ်တကျထိရောက်စွာစီမံခန့်ခွဲ၍ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရန်လိုအပ်သည့် “အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်”တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”**အဆိုကို တင်သွင်းရာ သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး၁၉ရက်မြောက်နေ့ကို ဇူလိုင်လ ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပင်စင်ဦးစီးဌာန
ရုံးအမှတ်(၃၄)၊ နေပြည်တော်
လျှောက်လွှာခေါ်ယူခြင်း
အမှုထမ်းရာထူး(၃၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

အကြောင်းအရာ။ ထပ်မံပြင်ဆင်ဖြည့်စွက်ခြင်း

၄။ **ရုံးအကူရာထူးနေရာအတွက်လျှောက်ထားသူများသည်** အပိုဒ်(ဆ)ပါအချက်များနှင့်ကိုက်ညီရမည်ဖြစ်ပါသည်-
( ဆ ) ၁-၇-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

၁၀။ ဒုတိယဦးစီးမှူးရာထူးနေရာအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသောလျှောက်လွှာများအားစိစစ်၍ရေးဖြေ **(မြန်မာစာ၊ အင်္ဂလိပ်စာနှင့်အထွေထွေဗဟုသုတဘာသာရပ်)**၊ ကွန်ပျူတာဘာသာရပ်နှင့် လူတွေ့စစ်ဆေးပြီး ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၁၁။ စိစစ်ရေးမှူး(၄)ရာထူးနေရာအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသောလျှောက်လွှာများအားစိစစ်၍ ရေးဖြေ **(မြန်မာစာ၊ အင်္ဂလိပ်စာနှင့်အထွေထွေဗဟုသုတဘာသာရပ်)**၊ ကွန်ပျူတာဘာသာရပ်နှင့် လူတွေ့စစ်ဆေးပြီးရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

ပင်စင်ဦးစီးဌာန



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
“ကြေညာစာ”

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ၂၀၂၇-၂၀၂၈ ပညာသင်နှစ်အတွက် အရာရှိလောင်းဒီပလိုမာသင်တန်းအမှတ်စဉ်(၂၀)ကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလတွင် အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ သင်တန်းအမည် (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း(CD/54)
( ခ ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း(CE/52)
( ဂ ) ကုန်သွယ်ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်း(CME/07)

၂။ ပေးအပ်မည့်ဒီပလိုမာ (က) ရေကြောင်းပညာဒီပလိုမာ(Diploma in Nautical Studies)
( ခ ) ရေကြောင်းနည်းပညာဒီပလိုမာ(Diploma in Maritime Technology)
( ဂ ) ရေကြောင်းလျှပ်စစ်နည်းပညာဒီပလိုမာ(Diploma in Maritime Electrical Technology)

၃။ သင်တန်းဝင်ခွင့်အရည်အချင်း (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းနှင့် ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်းများအတွက် KG+ 12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သော(သိပ္ပံ/ဝိပ္ပံ)ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ်အနည်းဆုံး ၄၀၀ ရှိရမည်။ ကုန်သွယ်ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း သင်တန်းများအတွက် KG+ 12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သော(သိပ္ပံ/ဝိပ္ပံ)ဘာသာတွဲဖြင့်အောင်မြင်ပြီး စုစုပေါင်းအမှတ်အနည်းဆုံး ၃၉၀ ရှိရမည်။
( ခ ) ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၂၀ နှစ်ထက် မကျော်လွန်စေရ။

၄။ သင်တန်းကာလ - ၂ နှစ်

၅။ လက်ခံမည့်သင်တန်းသားဦးရေ (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း ၁၄၀ ဦး
( ခ ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း ၁၄၀ ဦး
( ဂ ) ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်း ၄၀ ဦး

၆။ လျှောက်လွှာလက်ခံမည့်ရက် - ၆-၇-၂၀၂၆ မှ ၃၁-၇-၂၀၂၆ ထိ။

မှတ်ချက်။ (က) သင်တန်းဝင်ခွင့်ကို လူတွေ့စစ်ဆေးရွေးချယ်မည်ဖြစ်ပါသည်။
( ခ ) အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ မော်ကွန်းထိန်းရုံး(ဖုန်း၊ ၀၉-၄၀၃၇၃၇၉၇၀)၊ သင်တန်းဌာန(ဖုန်း၊ ၀၉-၄၂၀၁၂၄၄၂၅)သို့ ဆက်သွယ်မေးမြန်းရန်နှင့် Website www.mmmc.edu,mm နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်-MMMC Facebook Page တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်


# စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း (CMOs) ဖွဲ့စည်းခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃

စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း(CMOs) ဖွဲ့စည်းခြင်းဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ၂၀၂၆ ခုနှစ် ဇွန်လ ၃၀ ရက် နံနက် ၁၀ နာရီခွဲတွင် ရုံးအမှတ် (၅၂) အစည်းအဝေးခန်းမ၌ virtual စနစ်ဖြင့်ကျင်းပရာ မူပိုင်ခွင့်ဦးစီးဌာန၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာနွယ်ရီဝင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်းကိုယ်စားလှယ်များ၊ စာပေနှင့်အနုပညာကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်များ စုစုပေါင်း ၉၅ ဦးတက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားရာတွင် CMOs ဖွဲ့စည်းမည့်အဖွဲ့အစည်းများအနေဖြင့် စာပေနှင့်အနုပညာဖန်တီးသူများကိုယ်စား ၎င်းတို့၏အခွင့်အရေးများကို စီမံခန့်ခွဲရာတွင် စာပေနှင့်အနုပညာမူပိုင်ခွင့်များ၊ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကိုသိရှိရန်လိုအပ်ပါ၍ ဆွေးနွေးပွဲကိုကျင်းပခြင်းဖြစ်ပါကြောင်း၊ မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် မူပိုင်ခွင့်ဥပဒေများကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို အကောင်အထည်ဖော်နိုင်ရန်အတွက် နည်းဥပဒေနှင့်အမိန့်ကြော်ငြာစာများကို ထုတ်ပြန်နိုင်ခဲ့သည့်အပြင် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ စည်းမျဉ်းနှင့် လျှောက်လွှာပုံစံများ၊ အခကြေးငွေ သတ်မှတ်ခြင်းများကိုထုတ်ပြန်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အဆိုပါစည်းမျဉ်းကို ထုတ်ပြန်ရခြင်းမှာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများက သက်ဆိုင်ရာစာပေနှင့်အနုပညာမူပိုင်ခွင့်ကဏ္ဍအလိုက် မူလလက်ရာရှင်များ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်များ၏ သဘောတူညီချက်အပေါ် အခြေခံပြီး ၎င်းတို့ထံအပ်နှံသည့် စာပေ သို့မဟုတ် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်သူများ၊ ဖိုနိုဂရမ်များကို အသုံးပြုသူများထံမှ သင့်တင့်မျှတသောအခကြေးငွေကောက်ခံပြီး လက်ရာရှင်များထံ ပြန်လည်ခွဲဝေပေးခြင်းများကို အမြတ်အစွန်းအတွက် မရည်ရွယ်သောဝန်ဆောင်မှုဖြင့် စီမံဆောင်ရွက်ပေးနိုင်စေရန်ရည်ရွယ်၍ ထုတ်ပြန်ရခြင်းဖြစ်ပါကြောင်း၊ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ ပေါ်ပေါက်လာခြင်းဖြင့် အသုံးပြုသူများက လက်ရာတစ်ခုချင်းစီအတွက် မူပိုင်ခွင့်ပိုင်ရှင်တစ်ဦးစီထံမှ ခွင့်ပြုချက်ယူရန်မလိုဘဲ တစ်နေရာတည်းမှ အသုံးပြုခွင့်လိုင်စင်ရမည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်ပိုင်ရှင်များအနေဖြင့်လည်း မိမိတို့၏လက်ရာများအား မိမိတို့၏ခွင့်ပြုချက်မရှိဘဲ သုံးစွဲမှု၊ ချိုးဖောက်ခံရမှုများလျော့နည်းလာမည်ဖြစ်ပြီး မူပိုင်ခများပုံမှန်ရရှိမည်ဖြစ်သည့်အတွက် Right Holder နှင့် User များအကြား နှစ်ဦးနှစ်ဖက်အကျိုးကျေးဇူးရရှိစေမည်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှ စာပေနှင့်အနုပညာမူပိုင်ခွင့်၏သဘောသဘာဝ၊ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာစည်းမျဉ်းကို သိရှိနားလည်ပြီး စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများအနေဖြင့် မူပိုင်ခွင့်ပိုင်ရှင်များကိုယ်စား အခွင့်အရေးများကို ကောင်းစွာစီမံဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မူပိုင်ခွင့်ဦးစီးဌာန၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဌာနခွဲမှ ဘာသာရပ်တာဝန်ခံညွှန်ကြားရေးမှူး ဒေါက်တာနွယ်ရီဝင်းက စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခြင်းများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ဆွေးနွေးပွဲကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ


**အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ထုတ်ပြန်ကြေညာခြင်း အသိပေးကြေညာချက်အမှတ် ၁၉/၂၀၂၆**


မူပိုင်ခွင့်ဦးစီးဌာန
အသိပေးကြေညာချက်အမှတ် ၁၉ /၂၀၂၆
ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်
ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ **"အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ထုတ်ပြန်ကြေညာခြင်း"** ပါဝင်သော JOURNAL TM/2026/07၊ Publication Date - 01/07/2026 အား မူပိုင်ခွင့်ဦးစီးဌာန၏ Website (https://ipd.gov.mm/translate/publication-for-opposition-of-trademark) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပ




တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၃**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၅ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၃)ဦးမောင်စိန်၏ **တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘုလယ်ဒေသတွင် ဆောင်ရွက်မှုရပ်တန့်လျက်ရှိသော ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်က နေပြည်တော်၌ ၂၀၂၅ ခုနှစ်ဖေဖော်ဝါရီလတွင်ကျင်းပခဲ့သည့် ပဉ္စမအကြိမ်မြန်မာ-ရုရှား အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေးတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြပြီး ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းနှင့် အနီးဝန်းကျင်တွင် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာ(Memorandum of Intent–MOI) ကို နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ကြောင်းကို အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖြေကြားထားပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် စီမံကိန်းကို ပြန်လည်စတင်နိုင်ရန် ယခင်ရေးဆွဲခဲ့သည့် ITD Master Plan၊ အိမ်နီးချင်းနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Neighbouring Countries Economic Development Cooperation Agency –NEDA) ၏ Master Plan နှင့် Japan International Cooperation Agency – JICA Study တို့ကိုအခြေခံ၍ လက်ရှိအခြေအနေအရ အသင့်လျော်ဆုံးဖြစ်မည့်စီမံချက်ကို ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ အဆင့်(၃)ဆင့်ခွဲကာ အကောင်အထည်ဖော်ဆောင်သွားရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းကို ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ ဖြေကြားထားပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းနယ်နိမိတ် (Port Limit) သတ်မှတ်နိုင်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး အပြီးသတ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်းကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖြေကြားထားပါကြောင်း၊ ယခုအခါ ရပ်တန့်နေသော တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် နဘုလယ်ဒေသတွင်တည်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းအား ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေအရ ရင်းနှီးတည်ဆောက်သူနှင့်အတူ အခြားလိုအပ်သောလုပ်ငန်းစဉ်များကို ဆောင်ရွက်နေပြီး စီမံကိန်းအား ပြန်လည်စတင်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) နန်းဝိုးစိန်၏ **ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ဆင်မောင်းကျေးရွာအုပ်စု မိုင်(၂၀)အောက်ရွာ ပန်မော်မှ ဖာလိတ်၊ ပန်မုံ၊ ကျူရှိ၊ ခမ်းမိုက်ဆော့၊ လွယ်သိုး၊ ပျက်ကန့်၊ ရှမ်းကုန်းဆာအထိ မြေသားလူသွားလမ်းအား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆိုင်ကယ်များသွားလာနိုင်သောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် မြေသားလမ်းဖောက်လုပ်မည်ဆိုပါက အကျယ် (၁၈) ပေမှ (၂၄) ပေကြား ဖောက်လုပ်ရပါကြောင်း၊ သို့သော် ဒေသခံပြည်သူလူထု ဆက်သွယ်သွားလာရေးပိုမိုအဆင်ပြေလွယ်ကူစေရန် အကျယ် (၁၀) ပေ ရှိသော တစ်ကြောင်းထိုး ဆိုင်ကယ်လမ်းဖောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြေသားလမ်းအကျယ် (၁၈) ပေမှ (၂၄)ပေအကြား ဖောက်လုပ်ရမည့်အစား အကျယ် (၁၀) ပေ တစ်ကြောင်းထိုး ဆိုင်ကယ်လမ်းဖောက်လုပ်သည့်အတွက် ကုန်ကျစရိတ်သက်သာပြီး နိုင်ငံတော်ဘဏ္ဍာငွေ အလေအလွင့်မဖြစ်စေဘဲ အချိန်ကာလအားဖြင့်လည်း အချိန်တိုအတွင်း ဒေသခံပြည်သူများ သွားလာအသုံးပြုနိုင်မည် ဖြစ်ပါကြောင်း၊ အဆိုပါလမ်းဖောက်လုပ်မည်ဆိုပါက ခန့်မှန်းငွေကျပ်သန်း (၁၃၂၀) ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ (၆၁) ရွာ၊ အိမ်ခြေ (၁၁၅၄) အိမ်၊ လူဦးရေ (၆၂၂၅) ဦးကို အကျိုးပြုမည်ဖြစ်ပါကြောင်း။

ပန်မော်ရွာမှစတင်၍ တစ်ကြောင်းထိုး ဆိုင်ကယ်လမ်း (၅) မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိနေသော လမ်းပိုင်းအား လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့ပေါင်းစပ်၍ ကျေးရွာအရေအတွက်၊ အိမ်ခြေ၊ လူဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်းအလိုက် လက်ရှိလိုအပ်မှု ဦးစားပေးရွေးချယ်မှုအပေါ် ဘဏ္ဍာရေးနှစ်အလိုက် ပြည်နယ်ငွေလုံးငွေရင်း ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ဟွေးကျေးရွာအုပ်စုရှိ ဇော်ဂျီ-ကျောက်ဆည်ရေသောက် ဟွေးစိုက်ပျိုးရေးကွင်း ဧက (၃၂၀) တွင် တောင်သူလယ်သမားများ (၁၂)လရာသီကာလပတ်လုံး ဆန်စပါးသီးနှံနှင့် အခြားသောသီးနှံများ စိုက်ပျိုးထုတ်လုပ်သယ်ယူပို့ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကုန်ထုတ်လမ်းများ ဖောက်လုပ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကုန်ထုတ်လမ်းဖောက်လုပ်ရန် လမ်းနယ်အကျယ်ပေ ၃၀ ပြည့်မီစေရန်အတွက် ကျေးရွာလမ်းကော်မတီမှ သက်ဆိုင်ရာတောင်သူများအား မြေနေရာရရှိစေရေးကို ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကြိုအင်ဂျင်နီယာလုပ်ငန်းများဖြစ်သည့် ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်းနှင့် အသေးစိတ်ခန့်မှန်းခြေ တွက်ချက်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးပါက လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့နှင့်ပေါင်းစပ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့အပေါ် ဦးစားပေးရွေးချယ်မှုတို့အရ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင်ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ် ရရှိရန်ပုံငွေအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အတိုင်း လျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁)ဦးစိန်လွင်ဦး၏ **ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်တွင် စပါးအထွက်တိုးပြီး ဝင်ငွေတိုးတက်မှုရရှိစေရန်နှင့် မြို့နယ်၏ စပါးအထွက်နှုန်း လျော့ကျမသွားစေရန် ဓာတ်မြေဩဇာကို အစိုးရ၏သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် ရှိပါက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နှင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကိုသိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြန်မာနိုင်ငံ ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဝင်ကုမ္ပဏီများအနေဖြင့် ဓာတ်မြေဩဇာများကို လက်ငင်းငွေချေစနစ်ဖြင့် သက်ဆိုင်ရာဒေသ အရောင်းဆိုင်အရောက် အမြတ်မယူဘဲ သယ်ယူစရိတ်နှင့် တင်ချခထပ်ပေါင်း၍ ဒေသအရောက်စျေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရောင်းဆိုင်အဆင့်ဆင့်မှ ရောင်းချလျှင် စျေးကြီးနိုင်သည့်အတွက် အသင်း၊ အစုအဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ တိုက်ရိုက်ရောင်းချရန် စီစဉ်ထားရှိပါကြောင်း။

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ယူရီးယားဓာတ်မြေဩဇာ တန်ချိန် ၅၀၀၀ လိုအပ်မှု တင်ပြထားမှုအပေါ် ဦးဆောင်ကော်မတီက သက်ဆိုင်ရာအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး မြန်မာနိုင်ငံ ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များ အသင်းဝင်ကုမ္ပဏီများအနေဖြင့် အစိုးရအဖွဲ့မှစီစဉ်ပေးသော မော်တော်ယာဉ်အစီး (၁၀၀) တန်ချိန် ၄၅၀ အတွက် သယ်ယူစရိတ်သက်သာစေရန် စီစဉ်ပေးခဲ့ပါကြောင်း၊ ကျန်ရှိသည့်တန်ချိန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သည့်အချိန်တွင် ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ဦးဆောင်ကော်မတီအနေဖြင့် တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်တွင် အထွက်နှုန်းတိုးပြီး ဝင်ငွေတိုးတက်မှုရှိစေရေးနှင့် လိုအပ်သောဓာတ်မြေဩဇာများကို စျေးနှုန်းသက်သာစွာဝယ်ယူရရှိနိုင်ရေးအတွက် သမဝါယမစနစ် Consortium ပုံစံဖြင့် စုပေါင်းဝယ်ယူစုပေါင်းဖြန့်ဖြူးခြင်း၊ အမြတ်မယူဘဲ ရန်ကုန်အထိုင်ရည်ညွှန်းစျေးအပေါ် အခြေခံ၍ သယ်ယူစရိတ်နှင့် တင်ချခထည့်ပေါင်းတွက်ချက်၍ သက်ဆိုင်ရာဒေသအရောက် ဖြန့်ဖြူးရောင်းချပေးခြင်း၊ ဓာတ်မြေဩဇာများ အရည်အသွေး မှန်/ မမှန်၊ သို့လှောင်စျေးကစားခြင်းများ ရှိ/မရှိ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ဇူလိုင်လ ၇ ရက်ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၉) ဦးရန်နိုင်ဦး၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ တက္ကသိုလ်အသီးသီးတွင် ဘွဲ့/ဒီဂရီ ရရှိခဲ့သည့် လူငယ်များအား ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက အလုပ်ခန့်အပ်ပေးရန်အတွက် အရည်အချင်းသတ်မှတ်ချက်များနှင့်တကွ အလုပ်လျှောက်ထားရန် ခေါ်ယူခြင်းကိစ္စအပေါ် နိုင်ငံတော်နှင့် လူငယ်များ၏ အနာဂတ်အတွက် ဖြေလျှော့စဉ်းစားပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၆) ဦးမျိုးသန့်က မသန်စွမ်းသူများ အခွင့်အရေးဥပဒေ ပြဋ္ဌာန်းထားရှိသော်လည်း ပညာတတ်မသန်စွမ်းလူငယ်များ အစိုးရဌာနများတွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိမှု နည်းပါး

**စာမျက်နှာ ၂၆ သို့** ▲

▲ စာမျက်နှာ ၂၅ မှအဆက်

လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မသန်စွမ်းပညာတတ်ဘွဲ့ရလူငယ်များ ဘဝရှင်သန်နိုင်ရေးအတွက် အနာဂတ်မျှော်လင့်ချက်မဆုံးရှုံးစေရန် ပညာအရည်အချင်းနှင့် ကိုက်ညီပြီး ခေါ်ယူသည့်အလုပ်အပေါ်အမှန်တကယ် အလုပ်လုပ်နိုင်စွမ်းရှိ၍ လျှောက်ထားလာသည့်အခါ အစိုးရဌာနဝန်ထမ်းနေရာများတွင် မသန်စွမ်းသူများအခွင့်အရေးဥပဒေများနှင့်အညီ ရွေးချယ်ခန့်အပ်ပေးနိုင်ပါရန် အဆိုအား ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၉) ဦးဉာဏ်ထွန်းက စနစ်သစ်ပညာရေးတွင် အတန်း (၂) တန်းပိုလာသဖြင့်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးစီးသည့်အချိန်တွင် ယခင်အသက် ၁၆ နှစ်မှ စနစ်သစ်တွင် အသက် ၁၈ နှစ် ဖြစ်လာပါကြောင်း၊ တက္ကသိုလ်တစ်ခုခု ဘွဲ့/ဒီဂရီရရှိချိန်တွင် ယခင်ထက်အသက် (၂) နှစ်ပိုကြီးလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ကိုဗစ် - ၁၉ ရောဂါကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ မကျင်းပနိုင်ခဲ့ခြင်းနှင့်အခြေအနေအကြောင်းကြောင်းကြောင့် တက္ကသိုလ်မတက်ရခြင်းများ ရှိနေကြောင်း၊ လူငယ်များအား ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက အလုပ်ခန့်အပ်ပေးရန် ခေါ်ယူရာတွင် ယခင်အများဆုံးသတ်မှတ် အသက်ထက် အနည်းဆုံး (၅) နှစ်ခန့်ပို၍ ခေါ်ယူဖြေလျှော့ပေးသင့်ပါကြောင်း။

တက္ကသိုလ်အသီးသီးတွင် ဘွဲ့/ဒီဂရီရရှိခဲ့သည့် လူငယ်များအားပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက အလုပ်ခန့်အပ်ပေးရန်ခေါ်ယူရာတွင်ပါဝင်သည့်အချက်များထဲတွင် ရာထူးနှင့် လစာနှုန်းများကိုလည်း နိုင်ငံတော်၏ (Budget) ဘတ်ဂျက်အပေါ်မူတည်၍ ခေတ်ကာလနှင့် လျော်ညီသောလစာနှုန်းများတိုးမြှင့်ခေါ်ယူခြင်းနှင့် အခြားသောဝန်ထမ်း သက်သာချောင်ချိရေးများတိုးမြှင့်ဆောင်ရွက်ပေးနိုင်ပါက ဘွဲ့/ဒီဂရီရရှိခဲ့သည့် လူငယ်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းအလုပ်ကို ပိုမိုစိတ်ဝင်စားလာ၍ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်လာမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၉) ဒေါ်သိင်္ဂီဝင်းရွှေက လူငယ်များအနေဖြင့် မိမိတို့၏ပညာရပ်ဆိုင်ရာအရည်အချင်းများ ကျွမ်းကျင်မှုများနှင့်နိုင်ငံတော်အကျိုးပြုလိုသည့်စိတ်ဓာတ်တို့ကို အသုံးချပြီး ဝန်ကြီးဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်လိုသည့် ဆန္ဒများရှိကြပါကြောင်း၊ သို့သော်လက်ရှိအခြေအနေတွင် အလုပ်များခေါ်ယူရာ၌ အသက်အပိုင်းအခြား ကန့်သတ်ချက်များကြောင့် ဘွဲ့ရလူငယ်အချို့သည် မိမိတို့၏ပညာရပ်နှင့် ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများကို လျှောက်ထားနိုင်သည့်အခွင့်အရေးမရှိဘဲ ကျန်ရစ်နေကြပါကြောင်း။

လူငယ်များကို ပြည်ပသို့ ထွက်ခွာမသွားစေရန် တားဆီးရုံမျှဖြင့် မလုံလောက်ဘဲ မျှတသော အလုပ်အကိုင် အခွင့်အလမ်းများ၊ မျှော်လင့်ချက်ရှိသော အသက်မွေးဝမ်းကျောင်းဆိုင်ရာလမ်းကြောင်းများနှင့် နိုင်ငံအတွင်း စွမ်းရည်ပြသနိုင်မည့် အခွင့်အရေးများကို ဖန်တီးပေးနိုင်မှသာ ရေရှည်တည်တံ့သော အဖြေတစ်ရပ်ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း။

ထို့ကြောင့် အရည်အချင်းရှိသည့် ဘွဲ့ရလူငယ်များကို နိုင်ငံတော်၏ဝန်ထမ်းယန္တရားအတွင်း ပိုမိုပါဝင်ခွင့်ရရှိစေရန် သင့်လျော်သော အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်ပါကြောင်း၊ နည်းပညာကျွမ်းကျင်သော လူငယ်များ ဝင်ရောက်လာမှုကြောင့် Digital Transformationg E Government System လုပ်ငန်းများတွင်လည်း ပိုမိုတိုးတက်လာနိုင်ပါသောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၁) ဦးဖေသန့်ဇော်က နိုင်ငံတော်ဝန်ကြီးဌာနများတွင် လိုအပ်လျက်ရှိသော ရာထူးနေရာများကို ပွင့်လင်းမြင်သာသောစနစ်ဖြင့် အရည်အချင်း သတ်မှတ်ချက်များ ထုတ်ပြန်၍ ပြိုင်ဆိုင်လျှောက်ထားနိုင်စေရန် ခေါ်ယူဆောင်ရွက်ပေးခြင်းသည် အခွင့်အရေးမျှတမှုကို ဖော်ဆောင်ရာရောက်သကဲ့သို့ နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသော ဝန်ထမ်းများကိုလည်း ရရှိစေမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနအသီးသီးအနေဖြင့် လက်ရှိနှင့် အနာဂတ်ဝန်ထမ်း လိုအပ်ချက်များကို စနစ်တကျသုံးသပ်၍ အလုပ်ခေါ်ယူမည့် အစီအစဉ်များကို ကြိုတင်ထုတ်ပြန်ပေးခြင်း၊ ပြိုင်ဆိုင်ရွေးချယ်မှုများကို မျှတပွင့်လင်းစွာ ကျင်းပပေးခြင်းနှင့် ဘွဲ့ရလူငယ်များ၏ ကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်းများကိုလည်း ဆက်လက်အားပေးဆောင်ရွက်ပေးသင့်ပါကြောင်း။

ထို့ကြောင့် ဝန်ထမ်းခေါ်ယူရာတွင် အရည်အချင်းကို အဓိကထား သုံးသပ်သကဲ့သို့ အသက်ကန့်သတ်ချက်များကိုလည်း ထူးခြားသောအခြေအနေများနှင့် လျော်ညီစွာ ပြန်လည်သုံးသပ်ပြီး ကာလတစ်ခုအထိ သတ်မှတ်၍ သင့်လျော်စွာဖြေလျှော့စဉ်းစားပေးခြင်းသည် လူငယ်များအတွက်သာမက နိုင်ငံတော်အတွက်လည်း အကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၈) ဦးကြည်လင်းထက်က ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(COVID-19)ကြောင့် မြန်မာနိုင်ငံရှိ အစိုးရကျောင်းများပိတ်ထားခဲ့ရပြီး ပစိဖိတ်နှင့်အရှေ့အာရှဒေသအတွင်း အရှည်ကြာဆုံးကျောင်းပိတ်မှုများထဲကတစ်ခုဖြစ်ခဲ့ရပါကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင်လည်း တက္ကသိုလ်များ ပုံမှန်ဖွင့်လှစ်နိုင်ခြင်း မရှိ၍ ဘွဲ့နှင်းသဘင်များ နောက်ကျခြင်းနှင့် အစိုးရ/ပုဂ္ဂလိကအလုပ်ခေါ်ယူမှုများ နှစ်ရှည်လများ ရပ်နားခဲ့ခြင်းတို့ထပ်မံဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းမှ လူငယ်အများအပြားသည် အခွင့်အရေးများ ဆုံးရှုံးခဲ့ရပါကြောင်း။

ယနေ့ မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသော်လည်း လူသားအရင်းအမြစ်လိုအပ်နေသည့်အချိန်ဖြစ်ပါကြောင်း၊ အရည်အချင်းရှိသည့် လူငယ်များကို အသက်ကန့်သတ်ချက်ကြောင့် အခွင့်အရေးလက်လွှတ်စေမည်ဆိုပါက နိုင်ငံအတွက်လည်းကြီးမားသောဆုံးရှုံးမှု ဖြစ်စေနိုင်ပါကြောင်း၊ အသက်ကန့်သတ်ချက်ကို ယာယီဖြေလျှော့စေမည်ဆိုပါက လူငယ်များ၏ ဆုံးရှုံးရသည့် အနာဂတ်များကို ပြန်လည်အသက်သွင်းပေးခြင်းနှင့် နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍမှာ အတွေ့အကြုံရှိသည့် လူသားအရင်းအမြစ်များကို ပြန်လည်ရရှိစေနိုင်သဖြင့် နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးရှိသောအခြေအနေ (win win situation ) ဖြစ်ပါသောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၈) ဦးကျော်ဇင်ထွန်းက နိုင်ငံတစ်နိုင်ငံ၏ အရေးကြီးဆုံး အရင်းအမြစ်မှာ လူသားအရင်းအမြစ်ဖြစ်ပြီး ၎င်းတို့ စာပေသင်ကြားတတ်မြောက်ထားသည့်ဘွဲ့၊ ဒီဂရီအလိုက် လက်တွေ့လုပ်ငန်းသို့ လူငယ်များ၏စွမ်းအားရည်ကို မှန်ကန်စွာ အသုံးချနိုင်ခြင်းသည် နိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်သက်ရောက်စေမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးဌာနများတွင် လိုအပ်လျက်ရှိသော ဝန်ထမ်းနေရာများကို ပွင့်လင်းမြင်သာသော အရည်အချင်း သတ်မှတ်ချက်များဖြင့် ကြေညာခေါ်ယူပြီး တန်းတူညီမျှအခွင့်အရေးပေးကာ အရည်အချင်းအခြေပြုရွေးချယ်ခန့်အပ်နိုင်မည်ဆိုပါက လူငယ်များအတွက်မျှော်လင့်ချက်ကို ပြန်လည်ဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင်လည်း အရည်အချင်းပြည့်ဝသော လူငယ်များ ပါဝင်လာနိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ အဆိုသည် လူငယ်များ၏ အနာဂတ်၊ နိုင်ငံတော်၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ထိရောက်သောပြည်သူ့ဝန်ဆောင်မှုစနစ် တည်ဆောက်ရေးတို့အတွက် အကျိုးရှိသော အဆိုဖြစ်ပါသောကြောင့်ထောက်ခံပါကြောင်း ဆွေးနွေးသည်၊

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့်လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင်လ ၆ ရက်တွင်ကျင်းပမည့် ၁၃ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များစနစ်တကျ ကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့် အဂတိကို ထိရောက်သော အစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်က တင်သွင်းရာတွင် ပြည်သူတိုင်းသည် သင့်တင့်ညီမျှစွာ အခွန်ပေးဆောင်ရမည်ဖြစ်ပြီး စုဆောင်းရရှိသော အခွန်များကို အစိုးရအနေဖြင့် တာဝန်ယူမှုရှိစွာ အသုံးပြုရမည်ဖြစ်ပါကြောင်း၊ အခွန်သည်နိုင်ငံတော်၏ အင်အားဖြစ်ပြီး အခွန်မှန်ကန်စွာရရှိပါက နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများက မိမိတို့ပေးဆောင်သည့်အခွန်ကို မှန်မှန်ကန်ကန် အသုံးပြုနေသည်ကိုသိရှိပါက အစိုးရအပေါ် ယုံကြည်မှုရှိလာမည်ဖြစ်ပါကြောင်း။

လွယ်ကူရှင်းလင်းသော အခွန်စနစ်ကို တည်ဆောက်နိုင်မှသာ အခွန်ဝင်ငွေများ အစိုးရထံ စနစ်တကျ စီးဝင်လာနိုင်မည်ဖြစ်ပြီး အခွန်စနစ်များ မရှင်းလင်းပါက အာဏာပိုင်များ၏ interpretation ပေါ်မူတည်၍ လာဘ်ပေးလာဘ်ယူမှုများ ဖြစ်လာပါကြောင်း၊ အခွန်ရှောင်မှုကြောင့် အစိုးရ၏ဝင်ငွေများကို လျော့နည်းစေသည့်အပြင် ဝန်ထမ်းသည်လည်း မိမိ၏ တာဝန်သည် ပြည်သူ့ဝန်ဆောင်မှုပေးရမည်ကို မေ့လျော့၍ မိမိ၏တာဝန်ကို လုပ်ပိုင်ခွင့် သဖွယ် ကျင့်သုံးလာပါကြောင်း၊ အဂတိဝန်ထမ်းများ များပြားလာပါက အစိုးရအပေါ် ယုံကြည်မှုလျော့နည်းလာမည် ဖြစ်ပါကြောင်း။

အခွန်စနစ် (tax)သည်အဂတိ (Corruption) နှင့် တိုက်ရိုက်ဆက်စပ်နေပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အခွန်နှင့် အဂတိနှစ်ခုလုံးသည် နိုင်ငံ၏ဝင်ငွေ စီးဆင်းမှု၊ အစိုးရအပေါ် ယုံကြည်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဝန်းကျင်တို့ကို တိုက်ရိုက်သက်ရောက်မှုရှိပါကြောင်း၊ ကုန်စည်အမျိုးအစားများအလိုက် တိုးတက်ကောက်ခံသော အခွန်နှုန်းများသည် နိုင်ငံတော်၏ ဝင်ငွေများဖြစ်ရန် လိုအပ်ပါကြောင်း၊ တာဝန်ရှိသူအနေဖြင့်လည်း လုပ်ပိုင်ခွင့်အပေါ် အဂတိကင်းစွာ ဆောင်ရွက်ကြရန် အထူးအရေးကြီးပြီး အဂတိကင်းမှသာ အခွန်ပေးဆောင်ခြင်းကို နိုင်ငံသားတို့၏ တာဝန်တစ်ရပ်ဟု သိမြင်လာမည်ဖြစ်ပါကြောင်း၊ Strong Tax System ရှိမှသာလျှင် Strong State ဟုသတ်မှတ်နိုင်ပြီး GDP တိုးတက်နှုန်းလည်း ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း။

အဂတိပြဿနာသည် စနစ်ယိုယွင်းမှုကြောင့် ဖြစ်ပေါ်လာရသည့် ပြဿနာဖြစ်ပြီး ယူသူကိုသာမက ပေးသူကိုပါ တစ်ပြိုင်တည်း ထိန်းချုပ်နိုင်မှသာ နိုင်ငံတော်အတွက် အမှန်တကယ်သန့်ရှင်းသည့် အုပ်ချုပ်ရေးစနစ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးသည် အရေးအကြီးဆုံးဖြစ်သည့်အတွက်အခွန်နှင့်အဂတိကို ထိရောက်သော အစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါရန် အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂)ဒေါ်ခင်သန်းဦးကထောက်ခံသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုအား လွှတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဇူလိုင်လ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၃˚c |
| ရန်ကုန် | ၂၄˚c | / | ၃၄˚c |
| မန္တလေး | ၂၈˚c | / | ၃၇˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ


အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ၃-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် လေ့လာရေးကိုယ်စားလှယ်များ အဖွဲ့အား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုအဆင့်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးမှု၊ အာဏာသုံးရပ်ကို သီးခြားစီထားရှိပြီး အပြန်အလှန်ထိန်းကျောင်းခြင်းတွင် ကဏ္ဍတစ်ရပ်နှင့်တစ်ရပ် အပြုသဘောအမြင်ဖြင့် ညှိနှိုင်းဆောင်ရွက်မှု၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ပါလီမန်စနစ် စစ်စစ်မဟုတ်သော်လည်း ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတို့၌ ယင်းစနစ်အပေါ် အခြေခံထားမှုအခြေအနေများနှင့်စပ်လျဉ်း၍ မှာကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ အမျိုးသားလွှတ်တော်ရုံးမှတာဝန်ရှိသူများတက်ရောက်ကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ လွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်များကို လေ့လာမည့်အပြင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်နှင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်တို့ကိုလည်း သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ဟန်ဂျိုင်းမြို့အခြေစိုက် ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ဟန်ဂျိုင်းမြို့အခြေစိုက် ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ခုနှစ်တွင်ပါရှိသည့် ကိစ္စရပ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေ၊ မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီမှ ဆုံးဖြတ်ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များ၏ အကောင်အထည်ဖော်နေမှုအခြေအနေ၊ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ



# ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံခြင်းအတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်




**နေပြည်တော် ဇူလိုင် ၃**

ရှေးဟောင်းဝတ္ထုပစ္စည်းများ လာရောက်အပ်နှံခဲ့ခြင်းအတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) လောကနတ်ခန်းမ၌ကျင်းပရာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မြို့တွင်းကျေးရွာမှ ဦးသန်းဇော်က ဝါသနာအရ စုဆောင်းထားရှိသော ကျောက်ခေတ်၊ ကြေးခေတ်၊ ပျူခေတ်၊ ပုဂံခေတ်၊ ကုန်းဘောင်ခေတ်လက်ရာများဖြစ်သော ကျောက်၊ ကြေး၊ သံ၊ ရွှေ၊ ငွေ၊ မြေနှင့် အရိုးတို့ဖြင့် ပြုလုပ်ထားသည့် ရှေးဟောင်းဝတ္ထုပစ္စည်း ၃၁၃ ခု အပ်နှံခဲ့ခြင်းအတွက် ဆုကြေးငွေတွက်ချက်မှုအရ မူလတန်ဖိုးငွေကျပ်၈၆၄၇၇၆၇၊ ခေတ်ကာလ တန်ဖိုးငွေကျပ် ၆၇၁၃၂၅၉၈၊ ခေတ်လက်ရာ တန်ဖိုးငွေကျပ် ၃၆၃၅၁၈၁၊ ထပ်ဆောင်း တန်ဖိုးငွေကျပ်၁၅၅၄၄၁၀ စုစုပေါင်းငွေကျပ် ၂၀၅၅၀၆၁၇ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊


မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာမှ ဦးဝင်းမင်းထွန်းက ဝါသနာအရစုဆောင်းထားသည့်ကြေးခေတ်လက်ရာများဖြစ်သည့် ကြေးလက်နက် ၉၈ ခု အပ်နှံခဲ့ခြင်းအတွက် ဆုကြေးငွေတွက်ချက်မှုအရ မူလတန်ဖိုးငွေကျပ် ၁၃၅၆၀၀၀၊ ခေတ်ကာလတန်ဖိုးငွေကျပ် ၁၂၂၀၄၀၀၊ ခေတ်လက်ရာတန်ဖိုးငွေကျပ် ၅၄၂၄၀၀ စုစုပေါင်းငွေကျပ် ၃၁၁၈၈၀၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရှားတောကျေးရွာမှ ဦးနိုင်လင်းက ဝါသနာအရ စုဆောင်းထားသည့် ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်၊ ပုဂံခေတ်၊ ဟံသာဝတီခေတ် လက်ရာများဖြစ်သော ကျောက်၊ ကြေး၊ သံနှင့်မြေထည်တို့ဖြင့် ပြုလုပ်ထားသည့် ရှေးဟောင်းဝတ္ထုပစ္စည်း ၁၂၅ ခု အပ်နှံခဲ့ခြင်း အတွက် ဆုကြေးငွေတွက်ချက်မှုအရ မူလ တန်ဖိုးငွေကျပ် ၈၀၀၆၀၀၊ ခေတ်ကာလ တန်ဖိုးငွေကျပ် ၆၀၁၉၄၀၊ ခေတ်လက်ရာ တန်ဖိုးငွေကျပ် ၃၃၃၆၄၀ စုစုပေါင်းငွေကျပ် ၁၇၃၆၁၈၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊

နေပြည်တော် ပျဉ်းမနားမြို့ ပန်းခင်း (၃) လမ်းမှ ဦးဝင်းကိုကိုက ကြေးခေတ် လက်ရာများဖြစ်သည့် ကြေးနှင့် အရိုးတို့ဖြင့် ပြုလုပ်ထားသည့် ရှေးဟောင်းဝတ္ထုပစ္စည်း ၃၆ ခု အပ်နှံခဲ့ခြင်းအတွက် ဆုကြေးငွေတွက်ချက်မှုအရ မူလတန်ဖိုးငွေကျပ် ၃၈၂၀၀၀၊ ခေတ်ကာလ တန်ဖိုးငွေကျပ် ၃၅၂၈၀၀၊ ခေတ်လက်ရာ တန်ဖိုးငွေကျပ် ၁၅၆၈၀၀ စုစုပေါင်းငွေကျပ် ၉၀၁၆၀၀ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရှေးဟောင်းဝတ္ထုပစ္စည်းများအပ်နှံခဲ့သူများက တစ်ဦးချင်းစီအလိုက် အပ်နှံခဲ့သည့်အကြောင်းအရာများ ရှင်းလင်းတင်ပြပြီး နိုင်ငံတော်က ဆုကြေးငွေများ ပြန်လည်ချီးမြှင့်ခဲ့ခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားကြကြောင်း သိရသည်။

မြဝတီ




# ဒုတိယသမ္မတ ဦးညိုစော မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၃

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အတွင်းရေးမှူး(၁) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ အတွင်းရေးမှူး(၂)စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ဗဟိုအဖွဲ့အဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဒုတိယသမ္မတ ဦးညိုစော မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌက အစိုးရသစ်ကာလအတွင်း နိုင်ငံတော်၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတက မှာကြားလမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အထူးစီးပွားရေးဇုန်များသည် ပြည်သူအများအလုပ်အကိုင်ရရှိစေရန်၊ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားပြီး ပြည်ပပို့ကုန်တိုးတက်စေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်နှင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိစေရန်အတွက် အရေးကြီးကြောင်း၊ နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်းရှိ MSME လုပ်ငန်းများနှင့် သီလဝါအထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းများ ချိတ်ဆက်ပြီးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းများကို အချိန်ဇယားအတိုင်း အဆင့်လိုက်တိုးတက်မှုရှိအောင် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များနှင့်ပတ်သက်ပြီး စီမံခန့်ခွဲမှုအားနည်းချက်များမဖြစ်အောင်၊ သတ်မှတ်ထားသည့်ကာလအတွင်းလုပ်ငန်းများ ပြီးမြောက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများတိုးပွားလာအောင် စည်းရုံးဆွဲဆောင်ကြရမည်ဖြစ်ကြောင်းနှင့် အထူးစီးပွားရေးဇုန်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဇုန်တစ်ခုချင်းအလိုက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ စီမံခန့်ခွဲမှုနှင့်မြေလျော်ကြေးဆိုင်ရာများ တိုးချဲ့ဆောင်ရွက်မည့်အခြေအနေနှင့်ဇုန်အတွင်းရှိကုမ္ပဏီများ၏လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး (၁) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာအထူးစီးပွားရေးဇုန်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သုံးသပ်တွေ့ရှိချက်များနှင့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေနှင့် စာချုပ်ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြဝတီ

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် Naypyitaw State Academy မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် Naypyitaw State Academy မှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမော်မော်အောင် ဦးဆောင်သည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၄၀၀ ကျော်အား ယနေ့ညနေ ပြည်သူ့လွှတ်တော်အစည်းအဝေးပြီးချိန်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံသဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောင်းသား၊ ကျောင်းသူများအား အနာဂတ်လူငယ် အုတ်တစ်ချပ်သဲတစ်ပွင့် Video Clip ကို ဦးစွာပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ပြည်သူ့လွှတ်တော်ကို လာရောက်လေ့လာသည့် Naypyitaw State Academy မှ ပါမောက္ခ (ဌာနမှူး)ဦးဆောင်သည့် ကျောင်းသား၊ ကျောင်းသူများအားလုံးကို ပြည်သူ့လွှတ်တော်က လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း၊ အထူးသဖြင့် နိုင်ငံအတွက် အားထားရမည့်၊ အနာဂတ်အတွက် အားထားရမည့် လူငယ်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဥပဒေပြုလွှတ်တော်ကို လာရောက်လေ့လာခြင်းသည် ဒီမိုကရေစီကို သက်ဝင်ယုံကြည်ထောက်ခံခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့လွှတ်တော်ဆိုသည်မှာ ဒီမိုကရေစီကျင့်စဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာမဲဆန္ဒရှင်ပြည်သူများက ဒီမိုကရေစီနည်းလမ်းကျစွာဖြင့် ရွေးချယ်တင်မြှောက်ပေးလိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် နေရာဖြစ်ပါကြောင်း။



ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပေါ်ပေါက်လာသည့်အစိုးရတစ်ရပ်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်ကြီး ၃ ရပ်ရှိပါကြောင်း၊ ထိုမဏ္ဍိုင်ကြီး ၃ ရပ်သည် တစ်ခုနှင့်တစ်ခု လွတ်လပ်စွာ အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရပါကြောင်း၊ ဥပဒေပြုမဏ္ဍိုင်အနေဖြင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ပေးမည့်နိုင်ငံ့အကြီးအကဲများအား ရွေးချယ်ပေးရခြင်း၊ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် ဥပဒေအသစ်များပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းများဆောင်ရွက်ပေးခြင်း၊ အခြားမဏ္ဍိုင်များနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် မိမိတို့အား ရွေးချယ်ပေးလိုက်သည့် မဲဆန္ဒရှင်ပြည်သူများ၏အသံများနှင့် လိုအပ်ချက်များကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား အကောင်အထည်ဖော်ခြင်းများလုပ်ဆောင်ရပါကြောင်း။

လွှတ်တော်၏ အဓိကတာဝန်သည် ဥပဒေပြုရေးတာဝန်ဖြစ်ပြီး မိမိတို့နိုင်ငံသူနိုင်ငံသားများအနေဖြင့် ဥပဒေ၏အကာအကွယ်အောက်တွင် ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်နိုင်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလော နိုင်ငံတကာတွင် မူးယစ်ဆေးဝါး၊ လောင်းကစားနှင့် လူကုန်ကူးမှုများနှင့်ဆက်စပ်သည့် အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်သည့်ကိစ္စရပ်များ ဖြစ်ပေါ်လျက်ရှိရာ မိမိတို့ပြည်သူ့လွှတ်တော်အနေဖြင့်လည်း နိုင်ငံတော်မှအချိန်မီ တားဆီးအရေးယူဆောင်ရွက်နိုင်ရေးအတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းအား ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့်လွှတ်တော်ရေးရာကိစ္စရပ်များ၊ လူဦးရေသန်းခေါင်စာရင်းဆိုင်ရာကိစ္စရပ်များအား အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်လူရွယ်များအနေဖြင့် မိမိတို့၏အနာဂတ်ပညာရေး၊ ကျန်းမာရေးနှင့်လူငယ်များ နောင်ရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့လွှတ်တော်ကို အသုံးချကြရန်နှင့် ယခုလို လာရောက်လေ့လာခြင်းအပြင် နောင်တွင်လွှတ်တော်တွင်း လူငယ်ဖိုရမ်များ၊ စကားဝိုင်းများ ပြုလုပ်ခြင်းဖြင့် လူငယ်များ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံအနာဂတ်၊ လူငယ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ Naypyitaw State Academy မှပါမောက္ခ(ဌာနမှူး) ဒေါက်တာမော်မော်အောင်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား အမှတ်တရလက်ဆောင်များပေးအပ်ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပြန်လည်ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြည်သူ့လွှတ်တော်၏ အခန်းကဏ္ဍ၊ ဥပဒေပြုရေးအဆင့်ဆင့်၊ ပညာရေးကဏ္ဍများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က တက်ရောက်လာကြသည့် Naypyi-taw State Academyမှ ပါမောက္ခ(ဌာနမှူး)၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား တစ်ဦးချင်းရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်း၊ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှတင့်၊ သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ **စာမျက်နှာ ၂၉ သို့** ■

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**အခန်း (၁)**

မန္တလေးမြို့ တောင်ပြင်မင်္ဂလာဈေးအနီး စီဗီလိုင်းခေါ် အရပ်တွင် သစ်ပင်ဥယျာဉ်၊ ပန်းမန် အစရှိသည်တို့ဖြင့် ဝိုင်းရံလျက်ရှိသည့် အိမ်ကြီးတစ်ဆောင်အတွင်း ဥရောပတိုက်သားတို့ နေထိုင်ဘိသကဲ့သို့ အိမ်ထောင်မှုပရိဘောဂ စသည်တို့ဖြင့် ခမ်းနားလှပစွာပြင်ဆင်၍ထားသော အခန်းကြီးတစ်ခန်း၌ အသက် ၅၀ ခန့်ရှိ ရုပ်ရည်မွန်ရည်ဖြူစင်ရှိ၍ အလွန်တရာလူရည်သန့်သော မြန်မာအရာရှိကြီးတစ်ယောက်သည် ဆွတ်ဆွတ်ဖြူလျက်ရှိသော ဆံပင်ကို ချောမွေ့အောင်ထုံး၍ ပက်လက်ကုလားထိုင်ပေါ်တွင် ဆေးတံကိုသောက်လျက် ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လှန်တွေးတော၍နေသည့်ဟန်နှင့် ထိုင်လျက်နေလေ၏။ ထိုအရာရှိကြီးမှာ ငယ်ရွယ်စဉ်အခါမှစ၍ အင်္ဂလိပ်အစိုးရမင်းတို့၏အမှုတော်ကို ကောင်းမွန်ကျိုးနွံစွာထမ်းရွက်လာခဲ့ရာ တစ်ဆင့်မှတစ်ဆင့် ရာထူးတိုးတက်၍ ဒုတိယတန်းစစ်ကဲအဖြစ်သို့ အရောက်တွင် အသက်အရွယ်လည်းကြီးရင့်၊ ကောင်းစွာလည်းမကျန်းမာ၊ အမှုထမ်းနှစ်လည်းစေ့သဖြင့် ပင်စင်ယူပြီးလျှင် အောက်ပြည်သားဇာတိပင်ဖြစ်သော်လည်း အောက်ပြည်သို့မပြန်ဘဲ မန္တလေးမြို့တွင်ပင် ဆက်လက်နေထိုင်လျက်ရှိနေလေ၏။



ထိုသူသည် အစိုးရအမှုကိုထမ်းရွက်စဉ် အရာရှိကြီးတစ်ယောက်ဖြစ်သည့်အတိုင်း လခကြေးငွေများစွာရရှိသည့်အပြင် မိဘ၏အမွေအနှစ်အမြောက်အမြားပင် ဆက်ခံရသော်လည်း အနေအထိုင်အသုံးအစွဲ စသည်တို့သည် ဥရောပတိုက်သားအရာရှိကြီးတို့ကဲ့သို့ နေထိုင်၍လာခဲ့ရာ မိဘအမွေအနှစ်လယ်ယာချောင်းမြောင်း စသည်တို့သည် တဖြည်းဖြည်းလျော့ပါး၍သွားပြီး အစိုးရအလုပ်မှထွက်၍ ပင်စင်ယူချိန်ကျရောက်သည့်အခါ၌ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေ စသည်တို့သည် တစ်ကေမျှမကျန်ပေါင်နှံ၍ထားရသည့်အပြင် လခမှာလည်း တစ်ဝက်မျှသာရရှိလေ၏။ ဤကဲ့သို့ပင် ဝင်ငွေနည်းပါး၍သွားသော်လည်း စစ်ကဲကြီးသည် ငယ်ရွယ်စဉ်မှစ၍ အသုံးအစွဲအပေးအကမ်းအားကြီးသည်ဖြစ်သောကြောင့် ကြီးသည် မိမိ၏လခကလေးနှင့် မသုံးစွဲနိုင်လောက်သည်ကို သိသော်လည်း တံစိုးလက်ဆောင်စားခြင်း၊ မတရားသဖြင့် တရားစီရင်ခြင်း စသည်တို့ကို အလျှင်းဝါသနာမပါသောကြောင့် မိမိနှင့်အရာတူ အမှုထမ်းတို့သည် အချင်းချင်းဦးခေါင်းကိုညိတ်လျက် မဲ့ရွဲ့၍ ပြောဆိုတတ်ကြကုန်၏။

တစ်ခါတစ်ရံ အမှုသည်တစ်ယောက်သည် ငွေစက္ကူ ၁၀၀ တန်နှစ်ရွက်ကို စစ်ကဲကြီးအား ဖိနပ်ဝယ်၍ စီးတော်မူရန်ဟု လက်ဆောင်အဖြစ်ပေးသောအခါ ထိုသူအား–

"ငါ၏ဖိနပ်ကို ငါဝယ်စီးနိုင်သည်၊ မင်း၏ကိစ္စရုတ်တရက် မပြီးခြင်းနိုင်ဘဲရှိရာ မိမိရရှိသောပင်စင်သည် ချေး၍ထားသော ငွေတိုးကို ပေးဆပ်လောက်ရုံသာရှိ၍ သုံးစွဲရန်ငွေမှာ နောက်ထပ်လှည့်လည်သုံးစွဲရလေ၏။

အစိုးရအမှုကို ထမ်းရွက်စဉ်အခါ၌လည်း ၎င်းစစ်ကဲမဟုတ်" ဟု ပြန်၍ပေးလေကြောင်း။

တစ်ခါတစ်ရံ အမှုသည်က အတင်းအကျပ်ပေးလေသောအခါ စစ်ကဲကြီးသည် အစေခံတစ်ယောက်ကိုခေါ်၍ "ဒီအကောင် အင်မတန်ငွေပေါဟန်လက္ခဏာရှိသည်" ဟုပြောလျက် "လမ်းတွင်ကောက်ရသည်" ဟု စာတစ်စောင်ကိုရေး၍ ငွေတိုက်သို့ ဘဏ္ဍာတော်အဖြစ်ဖြင့် သွင်းရန်စေလွှတ်လိုက်လေ၏။

ဤကဲ့သို့သော သတင်းကိုကြားရာ မည်သူတစ်ဦးတစ်ယောက်မျှ တံစိုးလက်ဆောင်ပေးမည်အကြံနှင့် စစ်ကဲကြီး၏အိမ်သို့ မဝင်ဝံ့ကြကုန်။ ၎င်း၏မိတ်ဆွေကုန်သည်၊ ပွဲစားအပေါင်းတို့က 'စစ်ကဲကြီး ဦးထင်ကျော်သည် ဖြောင့်မတ်သောသဘောရှိကြောင်း၊ အသုံးအစွဲကြီးကြောင်း' နှင့် ပြောဆိုပြီး၍ ဝိုင်းဝန်းကူညီလိုသောဆန္ဒနှင့် တစ်နေ့သ၌ လေး၊ ငါးဦးတိုင်ပင်၍ အိမ်သို့သွားကြရာ ဦးထင်ကျော်၏မြင့်မြတ်သောသဘောကိုသိကြ၍ မည်သို့စတင်ပြောဆိုရမည်မသိ ရှိနေကြဆဲတွင် တစ်ဦးသောသူက စတင်၍ကုန်သည်တို့ပြောလေ့ရှိသည့်အတိုင်း ဝင်ငွေ၊ ထွက်ငွေတို့ကို ဆင်ခြင်၍သုံးစွဲသင့်ကြောင်းကို ပြောမိရာ ဦးထင်ကျော်သည် ထိုင်ရာမှ ရုတ်တရက်ထ၍ ပြောဆိုလာသူ၏မျက်နှာကို စေ့စေ့ကြည့်လျက် လက်ပိုက်ကာ ခံ့ခံ့ရပ်ပြီးလျှင် "မိတ်ဆွေတို့၏အကြံကို ကျွန်တော်သိ၍ ကျေးဇူးတင်ပါသည်၊ သို့သော် ကျွန်တော်၏အိမ်သည် ဝင်ငွေ၊ ထွက်ငွေအကြောင်းကို တရားဟောပြောရန် နေရာမဟုတ်ပါ" ဟု ပြောသောကြောင့် ကုန်သည်၊ ပွဲစားတို့သည် အချင်းချင်းတစ်ယောက်၏မျက်နှာကိုတစ်ယောက်ကြည့်လျက် ဆက်လက်မပြောဝံ့ကြဘဲ ပြန်သွားရဖူးလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

■ **စာမျက်နှာ ၂၈ မှအဆက်**

နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလှဆွေ၊ တောင်သူလယ်သမားရေးရာကော်မတီ အတွင်းရေးမှူး ဦးဝင်းဌေး၊ ပညာရေးမြှင့်တင်မှုကော်မတီအတွင်းရေးမှူး ဦးသက်နိုင်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ Naypyitaw State Academy မှ ပါမောက္ခ(ဌာနမှူး)၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ယနေ့နံနက်ပိုင်းတွင်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေးကျင်းပပုံများကို လာရောက်လေ့လာသည့် မြန်မာနိုင်ငံမိုဘိုင်းဖုန်းလုပ်ငန်းရှင်များအသင်းမှလေ့လာရေးအဖွဲ့အား ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်၊ အတွင်းရေးမှူး ဒေါ်နန်းရီရီဝင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

**မြဝတီ**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/ အားကစားရုံများ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ကြည့်ရှုစစ်ဆေး၊ ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအငယ်တန်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆုချီးမြှင့်ပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၌ အရာထမ်း/အမှုထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများသက်သာချောင်ချိစေရေး ကြက်ဥ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် ဆီတို့ကိုပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်တို့နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ဘိလိယက်နှင့် စနူကာအားကစားခန်းမ၌ ကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအငယ်တန်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသားဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ရမှတ် ၈၀ ဖြင့် Highest Break အမှတ်အများဆုံးဆုရရှိသည့် အောင်နိုင်စိုး၊ တတိယဆုရရှိသည့် အောင်နိုင်စိုး ၊ ဒုတိယဆုရရှိသည့် နေလင်းဦး၊ ပထမဆုရရှိသည့် ကျော်ဝင်းလှိုင်၊ အမျိုးသား စနူကာ တစ်ဦးချင်းပြိုင်ပွဲတွင် ရမှတ် ဖ၄ မှတ်ဖြင့် Highest Break အမှတ်အများဆုံးဆုရရှိသည့် ကျော်စွာဝင်း၊ တတိယဆုရရှိသည့် မျိုးဝေယံ၊ ဒုတိယဆုရရှိသည့် ချစ်မျိုးဦး၊ ပထမဆုရရှိသည့် ကျော်စွာဝင်းတို့ကို ဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၇-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၃၆၀ | ၃၅၀၀ | ၃၄၅၅ | ၃၃၇၅ | ၃၅၀၅ | ၃၅၂၀ | ၃၅၄၅ | ၃၄၄၀ | ၃၇၆၀ | ၃၈၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၅၄၅ | ၃၅၀၅ | ၃၅၂၀ | ၃၇၆၀ |
| 95 Ron | ၃၄၁၀ | ၃၅၅၀ | ၃၅၁၀ | ၃၄၃၀ | ၃၅၅၅ | ၃၅၇၀ | ၃၅၈၅ | ၃၄၉၀ | ၃၈၁၅ | ၃၈၅၀ | ၃၅၁၀ | ၃၅၆၀ | ၃၅၈၅ | ၃၅၅၅ | ၃၅၇၀ | ၃၈၁၀ |
| HSD (500 ppm) | ၃၀၉၀ | ၃၂၂၀ | ၃၁၈၀ | ၃၀၀၅ | ၃၂၂၅ | ၃၂၄၀ | ၃၂၆၅ | ၃၁၆၅ | - | ၃၅၁၀ | ၃၁၈၅ | ၃၄၉၅ | ၃၂၆၅ | ၃၂၂၅ | ၃၂၄၀ | ၃၄၇၀ |
| HSD (50 ppm) | ၃၈၀၀ | ၃၉၄၀ | ၃၉၀၀ | ၃၈၁၅ | ၃၉၄၅ | ၃၉၆၀ | ၃၉၈၅ | ၃၈၈၀ | ၄၂၀၅ | ၄၂၄၀ | ၃၉၀၀ | ၃၉၄၅ | ၃၉၈၅ | ၃၉၄၅ | ၃၉၆၀ | ၄၂၀၀ |
| HSD (10 ppm) | ၃၈၀၀ | ၃၉၄၀ | ၃၉၀၀ | ၃၈၁၅ | ၃၉၄၅ | ၃၉၆၀ | ၃၉၈၅ | ၃၈၈၀ | | ၄၂၄၀ | ၃၉၀၀ | ၃၉၄၅ | ၃၉၈၅ | ၃၉၄၅ | ၃၉၆၀ | ၄၂၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၁၇၇ | ၃၂၇၄ |
| 95 Ron | ၃၂၂၇ | ၃၃၂၅ |
| HSD (500 ppm) | ၂၆၂၃ | ၃၀၁၁ |
| HSD (50 ppm) | ၃၆၀၄ | ၃၇၀၆ |
| HSD (10 ppm) | ၃၆၀၄ | ၃၇၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ဆရာတော်အား ဧရာဝတီတိုင်းဒေသကြီးစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းလျှောက်ထားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းစဉ်။



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေး စကားပြောကြားပြီး အာဟာရ ဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။



တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေ အနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦး ၏ ကျန်းမာရေးတိုးတက် ကောင်းမွန်မှုအခြေအနေ များကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက် ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇေ ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက် ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၃

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊စစ်သည်၊မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊စစ်သည်၊မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
KHA YAE PIN MART
STARMART Mandalay Wholesale
STARMART Nay Pyi Taw
STARMART nine mile Showroom
Lemon Tea
NAN MYAIN
KHA YAE PIN MART
TRISTAR


အင်ဂါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ဂါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမှာဆို "ကြာ"
ဆပ်ပြာမှာ "ပဒုမ္မာ"

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာ

စာ - ၈ သို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တပ်မတော်လေဆိပ်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ

စာမျက်နှာ ၅ ကော်လံ ၁ ⇨



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး (Minister in Attendance) မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေးနှင့်ဇနီး ဦးဆောင်သည့် လာအိုအစိုးရအဖွဲ့မှအဆင့်မြင့်အရာရှိကြီးများက ဗီယင်ကျန်းမြို့၊ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာကြိုဆိုကြစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

စာ - ၆ သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

စာ - ၁၁ သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ လာအိုရိုးရာပိုးထည်ပြတိုက်နှင့် လာအိုအနုပညာပြတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာ

စာ - ၅ သို့

ဒုတိယသမ္မတ ဦးညိုစော မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စာ - ၂၈ သို့

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ အညတရသူရဲကောင်းစစ်သည် ဗိမာန်၌ ဂုဏ်ပြုပန်းခွေချအလေးပြု

စာ - ၆ သို့

## မိုးကြီးမည့် သတိပေးချက်

နေပြည်တော် ဇူလိုင် ၃

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း - အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း

စာမျက်နှာ ၁၂ ကော်လံ ၁ ◆